# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၁၅၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခုတို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်လွှာ ခေါ်ယူသည့် ကြေညာချက်

၂၀၂၅-ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ၂၀၂၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့ နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


**ယနေ့ ဗတ်စရာ**

**အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ် ထံသို့ အိတ်ဖွင့်ပေးစာ** ဆောင်းပါး စာ ၆

**အညာသားများ အညာမမိစေချင်** ဆောင်းပါး စာ ၁၀

**အာရှထိပ်တန်းပညာရေးစနစ်တွင် ပါဝင်ရန် ဗီယက်နမ်အစိုးရ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်** နိုင်ငံတကာသတင်း စာ ၁၄

**တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** ပြည်တွင်းသတင်း စာ ၁၇




မိတ္ထီလာခရိုင်၌ မိုးစပါးများ စတင်ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## မိတ္ထီလာ၌ မိုးစပါး ၉၄၆၈၉ ဧကစိုက်ပျိုးပြီး စတင်ရိတ်သိမ်း

မိတ္ထီလာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးဧက ၉၄၆၈၉ ဧက စိုက်ပျိုးပြီး ၎င်းမိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် မိုးစပါးသီးနှံစိုက်ပျိုးနိုင်ရေး လျာထားပြီး စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၁၃၂၂၃ ဧက၊ မလှိုင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၆၄၁၈ ဧက၊ သာစည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၃၇၄၅၀ နှင့် ဝမ်းတွင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၃၇၅၉၈ ဧက စုစုပေါင်း ၉၄၆၈၉ ဧကကို စိုက်ပျိုးနိုင်ခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## တာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၉ /၂၀၁၅
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှ ရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင် အား တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် မော်တော်ယာဉ် နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများ တပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များအား ၂၀၁၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲနှင့် တန် ၁၂၀ ဆန်စက်ပန္နက်ရိုက်အခမ်းအနားများ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အကွက်အမှတ် (၅၉၀) ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တန် ၁၅၀ ဆန်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆန်စက်များအနက် အဆင့်မြင့်ဆန်စက်ကြီး တစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများမှထွက်ရှိလာသော စပါးများ အလေအလွင့်မရှိစေရေး၊ ဈေးကွက်ရရှိရေး၊ အခြေခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့ကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အနေဖြင့်လည်း သွင်းအားစုများ ပံ့ပိုးမှု၊ ထွက်ရှိသီးနှံများ ဈေးကွက်ချိတ်ဆက်ပေးမှုတို့ဖြင့် အကျိုးတူလယ်ယာစနစ် (Contract Farming System) ကို ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တန် ၁၅၀ ကျ ဆန်စက်ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးခဲ့မှုများ၊ ဆန်စက်၏ လည်ပတ်စွမ်းအားနှင့် အဆင့်မြင့် ကြိတ်ခွဲပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက် စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ယခု တန် ၁၅၀ ဆန်စက်တွင် သမဝါယမ ကောလိပ်ကျောင်းဆင်းများနှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းဆင်းများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက်တည်ဆောက်ခဲ့မှုနှင့် မြန်မာတစ်နိုင်ငံလုံး ဆန်စက်တည်ဆောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင် သမဝါယမအသင်းလီမိတက်တို့ အကျိုးတူ ပူးပေါင်းတည်ဆောက်မည့် တန် ၁၂၀ ကျ ဆန်စက် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်တင်ပေး၍ စမ်းဝတီနို့ချက်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ပန်းရိုးမ ရေသန့်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နန္ဒာ(မြောက်) ခေတ်မီစံပြကျေးရွာ၌ ကျေးရွာမှမြို့သို့သွားသော အရှည်တစ်မိုင် ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမကောလိပ်၌ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား၍ ပေါင်းကူးတက်ရောက်ခွင့်မရရှိသည့် ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

# စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန်ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံတည်ဆောက်နေမှုနှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**(အောက်ပုံ)**



ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရန်နှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရန်၊ အထပ်လိုက်ခင်းကျင်းပြသမည့် စာပေအနုသုခုမလက်ရာများနှင့် အတွင်းပိုင်းအလှဆင်ခြင်းလုပ်ငန်းများ ခေတ်မီဆန်းသစ်လှပသော ဒီဇိုင်းပုံစံများ ဖြစ်စေရန်၊ ကဏ္ဍအလိုက်ခင်းကျင်းပြသမည့် စာပေအနုပညာဆိုင်ရာပစ္စည်းများ စုဆောင်းထားရှိရန်နှင့် လှူဒါန်းမှုရရှိနိုင်ရေးစနစ်တကျစီမံဆောင်ရွက်ရန်၊ နိုင်ငံတော်၏ တစ်ခုတည်းသော စာဆိုဗိမာန်ဖြစ်သည်နှင့်အညီ ခေတ်မီသစ်လွင်တောက်ပသည့် အဆောက်အအုံဖြစ်စေရန်၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို တိတ်ဆိတ်ငြိမ်သက်သည့်ရုပ်ဝန်းဖြစ်စေရေးနှင့် အဆောက်အအုံပိုင်း ပြင်ဆင်မွမ်းမံမှုများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆိုဗိမာန်တည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု၊ အတွင်းပိုင်းအလှဆင်ခြင်းနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး စာပေဗိမာန်စာတည်းမှူးချုပ်က စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံသစ်နေရာ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများ၊ ပြောင်းရွှေ့မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ (အင်းတကော်) သို့ ရောက်ရှိပြီး "ရော်ဘာနှင့် ကြားသီးနှံစိုက်ခင်း" ရိုဘက်စတာ(မြေနိမ့်ကော်ဖီ)နှင့် ကိုကိုးသီးနှံပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုပြီး ကော်ဖီပျိုးပင် စိုက်ပျိုးပေးကာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်တို့မှ နှစ်ရှည်သီးနှံစိုက်ပျိုးသည့် ခြံပိုင်ရှင်များအား ခေါ်ယူ၍ အသိပညာပေးရန်၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ခြံတာဝန်ခံက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ(အင်းတကော်)၏ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်ရှည်သီးနှံရော်ဘာအပြင် အခြားနှစ်ရှည် သီးနှံပင်များကိုလည်း သုတေသနပြုစမ်းသပ်စိုက်ပျိုးရန်၊ ကြားသီးနှံအဖြစ် ဝဥစိုက်ပျိုးသွားရန်နှင့် မြေလွတ်နေရာများတွင် ဒေသကြက် မွေးမြူသွားရန် မှာကြားသည်။



ထို့နောက် ပဲခူးမြို့နယ် တာဝဘူတာကျေးရွာအဝင်၌ ဆွေးမြည့်နေသည့် သစ်သားတံတားအရှည်ပေ ၉ဝ ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၁၂ဝ တစ်လွှာ တစ်ထပ်သံဘေလီတံတား တည်ဆောက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ တာဝဘူတာကျေးရွာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများအတွက် သီးခြားချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပဲခူးမြို့နယ် တာဝဘူတာကျေးရွာ ဇလပ်ထော်ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ပြောကြားသည်။

ထို့နောက်တောင်ပို့တရာအဝင်တံတားအောက်ခြေ ကြမ်းခင်းကျိုးပျက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ပြန်လည်ပြုပြင်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ တောင်ပို့တရာကျေးရွာ၌ ရိုးရာအိုးလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာလက်မှုလုပ်ငန်း မပပျောက်စေရေးအားပေးမြှင့်တင်သွားရန်၊ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန်နှင့် ဈေးကွက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့၌ ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် အကြိမ်(၆၀) မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်သတ်မှတ် နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။**(ယာပုံ)**

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲဒသမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ်(၄၄၀၁)မှ (၅၀၈၅)အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် အကြိမ်(၆၀)မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု (အေနှင့်ဘီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀ နှင့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၁၂ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အဆိုပါမိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ အထွက်နှုန်းကောင်းသည့် မျိုးစေ့၊ စိုက်နည်းစနစ်၊ ရေပေးနိုင်မည့် အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ စသည့်စိုက်ပျိုးနည်းပညာများကို အသိပညာပေးဆွေးနွေးခြင်းနှင့် စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းခြွေလှေ့သည့်အချိန်အထိ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယင်းမိုးစပါးစိုက်ပျိုးကေများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၃၂

ရက်

သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## ကျုံပျော်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ရောမင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

**မေးမြန်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများ မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေး One Stop Service ဖြင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့် (၅) ဦးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်း အသက်ပြည့်မီပြီး နိုင်ငံသားကတ်မရရှိသူများ မကျန်ရှိစေရေးနှင့် မှားယွင်းမှု မရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို ကာယကံရှင်ပြည်သူများထံ ပေးအပ်ပြီး ပါဝင်ကူညီဆောင်ရွက်သည့် ဌာနဆိုင်ရာများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ထုတ်ပေးလျက်ရှိ**

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေသထွက်ကုန်ကြမ်းအခြေပြု ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့် ပညာရှင်လူငယ်များ ပျိုးထောင်ပေးနိုင်ရေး မှာကြား

**နေပြည်တော် နိုဝင်ဘာ ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျာသည် နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဖွင့်လှစ်သည့် ဆန်စပါး ကြိတ်ခွဲထုတ်လုပ်မှု နည်းပညာသင်တန်းများဆိုင်ရာ လက်တွေ့သုံး စက်ပစ္စည်းပြင်ဆင်ထားရှိမှုများ၊ Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် စင်ကာပူ-မြန်မာ သက်မွေးပညာ သင်ကျောင်း၌ အင်ဂျင်နီယာဘာသာရပ်ဌာနများရှိ စာသင်ခန်းများ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ် သင်တန်းများတွင် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသထွက် ကုန်ကြမ်းအခြေပြု ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့် ပညာရှင်လူငယ်များအား ပျိုးထောင်ပေးနိုင်ရေး မှာကြားပြီး စာကြည့်တိုက်၊ လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၌ လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ ထူးချွန် ကျောင်းသားများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာ အရွေ့နှင့်အတူ လိုက်ပါနိုင်ရေး IT စွမ်းရည်မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားပြီး စာသင်ခန်းများနှင့် ကွန်ပျူတာခန်းများ ပြင်ဆင်ထားရှိမှု၊ တက္ကသိုလ်ဥပဓိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) EV အလုပ်ရုံ၌ ကျောင်းသား ကျောင်းသူများ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့လေ့ကျင့်နေမှု၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ အသေးစား EV၊ လျှပ်စစ်စက်ဘီး၊ အိမ်သုံးလျှပ်စစ် ထိန်းချုပ်စနစ်၊ အသေးစား Gasifier၊ အွန်လိုင်းအခြေပြုစနစ်များဆိုင်ရာ သုတေသနပရောဂျက် ဆောင်ရွက်ထားရှိမှု၊ ပြင်ပစက်မှုလုပ်ငန်းရှင်များက နည်းပညာတောင်းခံမှုကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းသုံးပစ္စည်းများ သုတေသနပြု ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အင်းစိန်မြို့နယ်ရှိ JMASVTI ကျောင်း ပင်မဆောင် စာကြည့်တိုက်၊ စုဝေးခန်းမနှင့် လျှပ်စစ်အလုပ်ရုံ၊ ပထမထပ်ရှိ စာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ဓာတ်ခွဲခန်း၊ ကွန်ပျူတာခန်းနှင့် တိုင်းတာရေးအလုပ်ရုံ၊ ပင်မဆောင် အပြင်ဘက်ရှိ မော်တော်ယာဉ် နည်းပညာအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးနိုင်မည့် သင်တန်းများ ဖွင့်လှစ်ရန်၊ MSME မြှင့်တင်ရေးနှင့် မော်တော်ယာဉ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW)ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ

အောင်ရှင်း

ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာမာဗင်သောမတ်စ်ဆီ ဒီအိတ်ဖွင့်ပေးစာကို ရေးသားတာဟာ ဘယ်သူများလဲလို့ စိတ်ဝင်စားနေပါလိမ့်မယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူတစ်ယောက်သာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးပျက်စီးရာပျက်စီးကြောင်း၊ တစ်ဖက်သတ်စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူတစ်ဦး ဖြစ်ပါတယ်။

ခင်ဗျားတို့ CSW အဖွဲ့ရဲ့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ သတင်းပြန်ကြားချက်ကို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒီပြန်ကြားချက်ဟာ အချက်အလက်ခိုင်မာမှု၊ မျှတမှုလုံးဝမရှိဘဲ၊ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် အခြေအမြစ်မရှိ ပရမ်းပတာစွပ်စွဲထားတဲ့ ဝါဒဖြန့်စာရွက်တစ်စောင်မျှသာ ဖြစ်တယ်လို့ ကျွန်တော်တို့ ပြတ်ပြတ်သားသား ပြောကြားလိုပါတယ်။

ခင်ဗျားဟာ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ မြေပြင်ပကတိအခြေအနေမှန်တွေကို တိတိကျကျ သိရှိနားလည်ခြင်းမရှိဘဲ ပြည်တွင်း/ပြည်ပက ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုတွေက လိုသလိုပုံဖော်ထားတဲ့ သတင်းအချက်အလက် အမှားတွေကိုသာ အခြေခံပြီး သံယောင်လိုက်ပြောဆိုနေခြင်း ဖြစ်ပါတယ်။ ခင်ဗျားရဲ့ ဒီလိုစည်းကမ်းမဲ့တဲ့ ထုတ်ဖော်ပြောဆိုချက်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေကို မခန့်လေးစား ပြုမူပြောဆိုရာရောက်သလို၊ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့ အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်ကို အားပေးအားမြှောက်ပြုရာရောက်တဲ့ စော်ကားမှုတစ်ခုလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီအိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံအတွင်းမှာ အမှန်တကယ်နေထိုင်နေပြီး NUG၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်အဖွဲ့တွေကြောင့် ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မြင်တွေ့ခံစားနေရတဲ့ သာမန်ပြည်သူတစ်ဦးရဲ့ အသံအဖြစ် ခင်ဗျားရဲ့ မဟုတ်မမှန် စွပ်စွဲချက်တွေကို ပြန်လည်တုံ့ပြန်ရှင်းပြလိုပါတယ်။

ပထမဆုံးအနေနဲ့ ခင်ဗျားနားလည်ထားရမှာက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ပျက်စီးဆုံးရှုံးမှုတွေဟာ ခင်ဗျားစွပ်စွဲသလို တပ်မတော်က အရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်နေလို့ ဖြစ်နေတာမဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်က NLD ပါတီရဲ့ အစွန်းရောက်အုပ်စုတွေကနေ မွေးဖွားလာတဲ့ NUG၊ CRPH၊ PDF လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ ‘အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်’ (all-out destruction path) ကြောင့်သာ ဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်ကျိုးရှာနိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။ သူတို့ကိုမထောက်ခံတဲ့ ပြည်သူတိုင်းကို ဒလန်လို့စွပ်စွဲပြီး အကြောင်းမဲ့ သတ်ဖြတ်နေကြတာဟာ ကမ္ဘာကအသိပါ။







အကြမ်းဖက်သမားများက မိုးဗြဲမြို့နယ်ရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ကသာမြို့နယ် မိုးတားလေးရွာရှိ ဘုရားကုန်းအား အကာအကွယ်ယူ အသုံးချတိုက်ခိုက်ခဲ့သည့် အထောက်အထားများ။

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ကိုးကွယ်မှုဘာသာ အယူအဆခွဲခြားမှုရှိနေပြီး မျှတမှုမရှိ အသည်းအသန် စိုးရိမ်ပြနေချိန်မှာ ဒီအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ ပြည်သူတွေ အကြောင်းကိုတော့ ဘာကြောင့် တစ်ခွန်းမှ မပြောတာပါလဲ။

ခင်ဗျားတို့ရဲ့ သုတေသနထဲမှာ NUG/PDF အကြမ်းဖက်သမားတွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ လက်နက်မဲ့ အပြစ်မဲ့ပြည်သူ ၅၇၆၇ ဦးအကြောင်း ဘာလို့မပါတာလဲ။

သူတို့ရဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရတဲ့ ဗုဒ္ဓဘာသာ ရဟန်း၊ သံဃာတော် ၈၈ ပါးနဲ့ သီလရှင် နှစ်ပါး အကြောင်းကိုရော ခင်ဗျားဘာကြောင့် လျစ်လျူရှုထားတာလဲ။

အနာဂတ်မျိုးဆက်သစ်တွေကို ပညာသင်ပေးနေတဲ့ ဆရာ ဆရာမ ၇၈ ဦး အပါအဝင်၊ ပြည်သူ့ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးမှူးတွေ ထောင်နဲ့ချီပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာကိုရော ခင်ဗျားရဲ့ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့က မသိလေအောင် မျက်စိပိတ်၊ နားပိတ်နေခဲ့တာလား။

ပြည်သူ့ပိုင်စာသင်ကျောင်းနဲ့ ပညာရေး အဆောက်အအုံ ၅၆၀ ကို ဗုံးခွဲမီးရှို့ဖျက်ဆီးခဲ့တာ၊ တံတားတွေ၊ ဆေးရုံတွေ၊ အုပ်ချုပ်ရေးရုံးတွေကို မိုင်းခွဲခဲ့တာတွေကရော ခင်ဗျားတို့ရဲ့ ဘာသာရေးလွတ်လပ်ခွင့်စံနှုန်းတွေနဲ့ ကိုက်ညီနေလို့လား။

မြန်မာ့တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့တရားဝင်ကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပြီး ဒီလိုမျိုး အကြမ်းဖက်လုပ်ရပ်တွေကို တုံ့ပြန်ဖို့နဲ့ နိုင်ငံသားအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ တပ်မတော်ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation) ကို Rules of Engagement (ROE) နဲ့အညီ စနစ်တကျ ဆောင်ရွက်နေတာဖြစ်ပြီး၊ ခင်ဗျားစွပ်စွဲသလို ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်း၊ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး လုံးဝ(လုံးဝ) မရှိပါဘူး။

ခင်ဗျားရဲ့ နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်စွပ်စွဲချက်တွေကို ကျွန်တော်တို့ ပြည်သူတွေက အချက်အလက်အမှန်တွေနဲ့ ရှင်းပါဦးမယ်။ ခင်ဗျားက FORB Network ဆိုတာကို ကိုးကားပြီး ခရစ်ယာန်ဘုရားကျောင်း ၂၂၀ ကျော် ဖျက်ဆီးခံရတယ်၊ ဘုန်းတော်ကြီး ၈၅ ဦး သတ်ဖြတ်ခံရတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ အကြီးစားလိမ်လည်မှု မြောက်ပါတယ်။

ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law-IHL) ကို ကိုးကားခဲ့တယ်။ ဒါပေမယ့် IHL က ‘ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့’ အတိအလင်းတားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ **အဖြစ်မှန်ကတော့ ချင်းပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ NUG က မွေးထုတ်လိုက်တဲ့ CNF ၊ CNA ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ ‘ဘာသာရေးအဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း’ (Abusing Religious Buildings as Defensive Posts)၊ ‘ယာယီစစ်တန်းလျားအဖြစ် အသုံးပြုခြင်း’ (Using as Temporary Barracks) နဲ့ ‘အဆိုပါ ဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း’ (Planting Landmines Near Places of Worship) တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်။**

အဲဒီ CNF၊ CNA၊ PDF အဖွဲ့တွေဟာ ချင်းပြည်နယ်မှာ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကို နှောင့်ယှက်တိုက်ခိုက်နေပြီး *စာမျက်နှာ ၇ သို့*

**တိုင်းနှင့်ပြည်နယ်အလိုက် ဘာသာရေးအဆောက်အအုံများစာရင်း (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအထိ)**

| စဉ် | မြို့နယ် | ခရစ်ယာန် | | | အစ္စလာမ် | | | ဟိန္ဒူ | | | ဘုံကျောင်း | | | နတ်နှင့်အခြား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဗလီ | စာသင်ကျောင်း | ပေါင်း | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဘုံကျောင်း | စာသင်ကျောင်း | ပေါင်း | | |
| ၁ | ကချင် | ၁၃၆၃ | ၈ | ၁၃၇၁ | ၂၁ | ၃ | ၂၄ | ၅၉ | - | ၅၉ | ၃၇ | - | ၃၇ | ၂ | |
| ၂ | ကယား | ၄၂၄ | ၇ | ၄၃၁ | ၁ | ၁ | ၂ | ၅ | - | ၅ | ၁ | - | ၁ | - | |
| ၃ | ကရင် | ၉၇ | ၈ | ၁၀၅ | ၆၉ | ၇၀ | ၁၃၉ | ၃၂ | ၁၉ | ၅၁ | ၅ | - | ၅ | - | |
| ၄ | ချင်း | ၂၃၅၈ | ၁၁ | ၂၃၆၉ | ၁ | - | ၁ | ၂ | - | ၂ | - | - | - | ၃၅ | |
| ၅ | စစ်ကိုင်း | ၈၆၄ | ၁၂ | ၈၇၆ | ၈၁ | ၂၁ | ၁၀၂ | ၂၅ | - | ၂၅ | ၇ | - | ၇ | - | |
| ၆ | တနင်္သာရီ | ၉၈ | - | ၉၈ | ၁၀၀ | - | ၁၀၀ | ၁၉ | - | ၁၉ | ၃၄ | - | ၃၄ | - | |
| ၇ | နေပြည်တော် | ၄၆ | - | ၄၆ | ၂၆ | ၁ | ၂၇ | ၇ | - | ၇ | ၄ | - | ၄ | - | |
| ၈ | ပဲခူး(ရှေ့) | ၁၀၅ | - | ၁၀၅ | ၆၇ | - | ၆၇ | ၁၁၇ | - | ၁၁၇ | ၂၄ | - | ၂၄ | - | |
| ၉ | ပဲခူး(နောက်) | ၁၅၉ | - | ၁၅၉ | ၄၀ | ၇ | ၄၇ | ၂၃ | - | ၂၃ | ၁၁ | - | ၁၁ | - | |
| ၁၀ | မကွေး | ၅၇ | - | ၅၇ | ၃၀ | - | ၃၀ | ၁၃ | - | ၁၃ | - | - | - | - | |
| ၁၁ | မန္တလေး | ၁၇၇ | ၈ | ၁၈၅ | ၁၉၅ | ၇၅ | ၂၇၀ | ၁၁၀ | - | ၁၁၀ | ၃၀ | ၂ | ၃၂ | ၃ | |
| ၁၂ | မွန် | ၄၇ | - | ၄၇ | ၁၁၅ | ၇၅ | ၁၉၀ | ၁၅၂ | - | ၁၅၂ | ၃၂ | - | ၃၂ | - | |
| ၁၃ | ရခိုင် | ၈၉ | ၁ | ၉၀ | ၁၆၆၈ | ၁၃၁၈ | ၂၉၈၆ | ၂၆ | - | ၂၆ | ၁ | - | ၁ | - | |
| ၁၄ | ရန်ကုန် | ၃၄၁ | ၂၉ | ၃၇၀ | ၁၅၁ | ၇၆ | ၂၂၇ | ၂၇၃ | - | ၂၇၃ | ၁၂၈ | - | ၁၂၈ | ၇ | |
| ၁၅ | ရှမ်း(တောင်) | ၂၁၇ | - | ၂၁၇ | ၃၁ | ၃ | ၃၄ | ၃၈ | ၁ | ၃၉ | ၁၈ | - | ၁၈ | - | |
| ၁၆ | ရှမ်း(မြောက်) | ၂၃၄ | - | ၂၃၄ | ၂၃ | ၁၁ | ၃၄ | ၄၈ | - | ၄၈ | ၄၆ | - | ၄၆ | - | |
| ၁၇ | ရှမ်း(ရှေ့) | ၅၄၇ | - | ၅၄၇ | ၅ | - | ၅ | ၂ | - | ၂ | ၉ | ၁ | ၁၀ | ၂၅ | |
| ၁၈ | ဧရာဝတီ | ၆၆၉ | ၃ | ၆၇၂ | ၁၀၆ | ၄၂ | ၁၄၈ | ၄၉ | - | ၄၉ | ၂၉ | - | ၂၉ | - | |
| | စုစုပေါင်း | ၇၈၉၂ | ၈၇ | ၇၉၇၉ | ၂၇၃၀ | ၁၇၀၃ | ၄၄၃၃ | ၁၀၀၀ | ၂၀ | ၁၀၂၀ | ၄၁၆ | ၃ | ၄၁၉ | ၇၂ | |

**“ဒါဆို ခင်ဗျားရဲ့ CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလို နိုင်ငံတွေကိုရော သူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်းလမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက် စွက်ဖက်တာမျိုး ခွင့်မပြုနိုင်/ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဗျားအတိအလင်း သိရှိထားရပါမယ်”**

နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံ ဘာသာရေးပွဲတော်များသို့ တက်ရောက်အားပေးသည့်မှတ်တမ်း



နေပြည်တော် မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်အားပေး ချီးမြှင့်နေမှု။



St. Mary's Cathedral Church တွင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု။




ပျဉ်းမနားမြို့နယ်ရှိ ဦးကျေး ဂျာမေဗလီတွင် အစ္စလာမ်ဘာသာဝင်များအား အလှူငွေများ ပေးအပ်လှူဒါန်းနေမှု။




ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်အား တက်ရောက်ချီးမြှင့်နေမှု။




တရုတ်နှစ်သစ်ကူးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု။




ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်နေမှု။

*စာမျက်နှာ ၆ မှ*

တည်ငြိမ်အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးနေလို့ ခေတ်အဆက်ဆက် သူပုန်မရှိခဲ့တဲ့ ချင်းပြည်နယ်မှာ တိုက်ပွဲတွေ ဖြစ်ပွားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ NUG အဖွဲ့ရဲ့ လွဲမှားတဲ့နိုင်ငံရေးအတွေးကြောင့် ဖြစ်ပေါ်လာရတဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ ဒါတွေက တပ်မတော်ရဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုက်ပွဲတွေမဟုတ်ပါဘူး။ တပ်မတော်ဟာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ အဖျက်လုပ်ရပ်တွေကို ဟန့်တားပြီး တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်ရေးအတွက် အကြမ်းဖက်သူပုန်တွေကို ဦးတည်တိုက်ခိုက်နေရုံမျှသာ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဘယ်ဘာသာရေးအဆောက်အအုံကိုမှ အကြောင်းမဲ့ ပစ်မှတ်ထားတိုက်ခိုက်တာမျိုး လုံးဝမရှိပါ။ ပျက်စီးမှုတွေဟာ တိုက်ပွဲဇုန်အတွင်းဖြစ်ပွားနိုင်တဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေတွေ (Unavoidable Collateral Damage)၊ အထူးသဖြင့် အကြမ်းဖက်အဖွဲ့တွေက ဘုရားကျောင်း၊ စေတီပုထိုးတွေကို အကာအကွယ်ယူ အသုံးချတိုက်ခိုက်နေတာကြောင့် ဖြစ်ပါတယ်။

**IHL အရ ကာကွယ်ထားတဲ့ နေရာတစ်ခုကို စစ်ရေးခံစစ်စခန်းအဖြစ် အသုံးပြုလိုက်တဲ့ အချိန်မှာ၊ အဲဒီနေရာဟာ သူ့ရဲ့အကာအကွယ် (Protected Status)ကို ဆုံးရှုံးသွားပြီး တရားဝင်စစ်ရေးပစ်မှတ် (Legitimate Military Target) ဖြစ်သွားတယ်ဆိုတာ IHL ကို ကိုးကားထားတဲ့ ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းတွေ ပျက်စီးရခြင်းရဲ့ တရားခံအစစ်ဟာ အကြမ်းဖက်သမားတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။**

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ(၃၄)မှာ ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံထားပြီးသားဖြစ်လို့ မြန်မာနိုင်ငံအတွင်းမှာ အဓိကကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားသောဘာသာရေး အဆောက်အအုံများစာရင်းကို ခင်ဗျားသိအောင် ဖော်ပြပေးလိုက်ပါတယ်။

လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ရာအတိုင်း ဗုဒ္ဓဘာသာအပါအဝင် အခြားဘာသာပေါင်းစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသလို လက်ရှိယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်တဲ့ အစိုးရကလည်း မြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးရဲ့ ဘာသာရေးပွဲတော်တွေကို လုပ်ငန်းအားလပ်မှုအပေါ်မူတည်၍ ကိုယ်တိုင်တက်ရောက် ချီးမြှင့်အားပေးလျက် ရှိပါတယ်။

**"ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law-IHL) ကို ကိုးကားခဲ့တယ်။ ဒါပေမယ့် IHL က 'ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့' အတိအလင်း တားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ အဖြစ်မှန်ကတော့ ချင်းပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ NUG က မွေးထုတ်လိုက်တဲ့ CNF၊ CNA၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ 'ဘာသာရေး အဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း' (Abusing Religious Buildings as Defensive Posts)၊ 'ယာယီစစ်တန်းလျားအဖြစ် အသုံးပြုခြင်း' (Using as Temporary Barracks) နဲ့ 'အဆိုပါဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း' (Planting Landmines Near Places of Worship) တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်"**

ဒါပေမယ့် အကြမ်းဖက်သမားတွေက မြို့ပြတွေမှာပါ ဘာသာရေးပွဲတော်ကို အသုံးချပြီး အကြမ်းဖက်မှုပြုလုပ်ရန် ရည်ရွယ်ချက်အတွက် လူစုလူဝေးပွဲတွေ၊ လူနေရပ်ကွက်တွေ၊ ဘုရားကျောင်းလို နေရာမျိုးတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်မှုတွေ၊ ဗုံးခွဲမှုတွေ လုပ်ဆောင်ဖို့ စိမ့်ဝင်ကြိုးပမ်းနေတာတွေ ရှိနေပါတယ်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ဒါကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ လုံခြုံရေးဆိုင်ရာ စိစစ်မှုတွေ၊ ယာယီထိန်းညှိမှုတွေ လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ ဒါဟာ ခရစ်ယာန်ဘာသာကို ပစ်မှတ်ထားတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုကို တားဆီးဖို့သာဖြစ်ပြီး ဝတ်ပြုကိုးကွယ်သူ ပြည်သူတွေရဲ့ လုံခြုံရေးကို ကာကွယ်ပေးခြင်းသာ ဖြစ်ပါတယ်။ ခင်ဗျားတို့ စွပ်စွဲသလို ခရစ်ယာန်နဲ့ အစ္စလာမ်တွေကို ရန်သူအဖြစ် သတ်မှတ်နေတာ မဟုတ်ဘဲ အကြမ်းဖက်သမားတွေကိုသာ ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

ခင်ဗျားရဲ့ စွပ်စွဲချက်တွေထဲမှာ အလွယ်တကူ အမှား/အမှန် စစ်ဆေးနိုင်တဲ့ လိမ်ညာမှုကတော့ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မန္တလေးငလျင်ကြီးနဲ့ ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ခင်ဗျားက 'ပြိုကျပျက်စီးသွားသော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများအား မူလပုံစံအတိုင်းသာ ပြန်လည်တည်ဆောက်ခွင့်ပြုသည်'ဆိုတဲ့ အမိန့်ဟာ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ဒီကန့်သတ်ချက်ကြောင့် သက်တမ်းရင့် ခရစ်ယာန်ဘုရားကျောင်းတွေ ပြိုကျပျက်စီးသွားရသလို ပုံဖော်စွပ်စွဲရေးသားထားပါတယ်။

ခင်ဗျားရဲ့ ဒီစွပ်စွဲချက်ဟာ လုံးဝလွဲမှားနေကြောင်း ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ငလျင်ဘေးဟာ ဘာသာပေါင်းစုံကို ထိခိုက်ခဲ့ပါတယ်။ မတ်လ ၂၈ ရက်နေ့က ဖြစ်ပေါ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ ဘာသာတရားကိုရွေးပြီး ခွဲခြားလှုပ်ခတ်ခဲ့တာ မဟုတ်ပါဘူး။ ခင်ဗျားရဲ့ သုတေသနဟာ မန္တလေးမြို့က ကမ္ဘာကျော် ဗုဒ္ဓဘာသာ အမွေအနှစ်တွေရဲ့ ပျက်စီးမှုကို တမင်ချန်လှပ်ထားခဲ့ပါတယ်။ ယူနက်စကို (UNESCO) ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားဟာ ပြင်းထန်စွာပျက်စီးမှုကို ခံစားခဲ့ရပါတယ်။ အလားတူပဲ ရွှေဂူကြီးကျောင်းတိုက်၊ မယ်နုအုတ်ကျောင်းနဲ့ မင်းကွန်းပုထိုးတော်ကြီး အစရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရနေရာပေါင်း များစွာလည်း အကြီးအကျယ်ပျက်စီးခဲ့ပါတယ်။

ပြန်လည်တည်ဆောက်ရေးဟာ အားလုံးအတွက် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံ ၁၇၀၀ ကျော်ကို ပြန်လည်ထိန်းသိမ်း၊ ပြုပြင်၊ တည်ဆောက်ပေးလျက်ရှိနေပါတယ်။ မူလပုံစံအတိုင်းဆိုတာ နိုင်ငံတကာ စံနှုန်းဖြစ်ပါတယ်။ ခင်ဗျားက ခွဲခြားဆက်ဆံတဲ့ ကန့်သတ်ချက်လို့စွပ်စွဲတဲ့ မူလပုံစံအတိုင်းသာဆိုတဲ့ မူဝါဒဟာ တကယ်တော့ ခွဲခြားဆက်ဆံမှု မဟုတ်ပါဘူး။ ဒါဟာ ယူနက်စကို (UNESCO)နဲ့ နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites–ICOMOS)လို နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းရေး ကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ ရှေးဟောင်းအမွေအနှစ်တန်ဖိုး မပျက်စီးစေဖို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာ မခွဲဘဲ တန်းတူညီမျှ ကျင့်သုံးရတဲ့ နိုင်ငံတကာစံနှုန်း (International Standard for Historical Pre–servation) တစ်ခုသာ ဖြစ်ပါတယ်။

ဒီအချက်ကိုတောင် ခင်ဗျားက တမင်လိမ်ညာပြီး ဘာသာရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့တာဆိုတော့ CSW အဖွဲ့ရဲ့ ရည်ရွယ်ချက်ဟာ ညီညွတ်ရေးမဟုတ်ဘဲ ဖြိုခွဲရေးဖြစ်နေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ခင်ဗျားဟာ စွပ်စွဲချက်တွေအပြင် တောင်းဆိုချက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့တဲ့အချက်တွေဟာဆိုရင်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အဝေးကနေ လက်ညှိုးထိုး အမိန့်ပေးချင်နေတဲ့ ကိုလိုနီစရိုက်ကို ထင်ဟပ်စေပါတယ်။

ခင်ဗျားရဲ့ တောင်းဆိုချက်တွေထဲမှာ အသိအမှတ်မပြုနိုင်လောက်အောင် စော်ကားမှုမြောက်တာကတော့ ၂၀၂၄ ခုနှစ် စစ်မှုထမ်းဥပဒေအား ချက်ချင်းရုပ်သိမ်းရမယ်ဆိုတဲ့ အချက်ပါပဲ။

မစ္စတာမာဗင်သောမတ်စ် သိသင့်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅)၊ (၃၈၆) တို့နဲ့အညီ တရားဝင်အတည်ပြု ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါဟာ ခင်ဗျားစွပ်စွဲသလို နှိပ်စက်ညှဥ်းပန်းမှု လက်နက်မဟုတ်ပါဘူး။ ဒါဟာ အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပြင် ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေလိုမျိုးပဲဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်အရ လက်ရှိအခြေအနေနဲ့ ကိုက်ညီစွာ အကောင်အထည်ဖော်ထားတာ ဖြစ်ပါတယ်။




**ဒါဆို ခင်ဗျားရဲ့ CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလို နိုင်ငံတွေကိုရော သူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့ တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်း လမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက်စွက်ဖက်တာမျိုး ခွင့်မပြုနိုင်/ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဗျားအတိအလင်း သိရှိထားရပါမယ်။**

ခင်ဗျားရဲ့ လူသားချင်းစာနာမှုဆိုတဲ့ မျက်နှာဖုံးဟာ ခင်ဗျားရဲ့ နောက်ဆုံးတောင်းဆိုချက်မှာ လုံးဝကွာကျသွားပါတယ်။ ခင်ဗျားက မြန်မာ့တပ်မတော်အတွက် လေယာဉ်ဆီထောက်ပံ့နေမှုတွေကို ပစ်မှတ်ထား အရေးယူပိတ်ဆို့ရမယ်လို့ တောင်းဆိုခဲ့တယ်နော်။ ဒါဟာ လူသားချင်းစာနာထောက်ထားမှု တောင်းဆိုချက်မဟုတ်ပါဘူး။ ဒါဟာ စစ်ရေးတောင်းဆိုချက် (Military Demand) ဖြစ်ပါတယ်။

ခင်ဗျားရဲ့ ရည်ရွယ်ချက်အမှန်က အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းနေတဲ့ မြန်မာ့တပ်မတော်လေကြောင်းစွမ်းရည်ကို ပျက်ပြားစေလိုပြီး အကြမ်းဖက်တွေကို အကာအကွယ်ပေးလိုတာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ခင်ဗျားက ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီ တိုက်ရိုက်စီးဆင်းစေမယ့် အကူအညီဆိုပြီးကို တောင်းဆိုခဲ့တယ်။ ဒါဟာ တရားဝင်အစိုးရကို ကျော်ပြီး NUG/ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံ အဖွဲ့အစည်းတွေကို တရားမဝင်ငွေကြေးနဲ့ ထောက်ပံ့ရေးပစ္စည်းတွေပေးပို့ဖို့ ကြိုးစားနေတာ ဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖော်ထုတ်လိုက်တာပါပဲ။

**ခင်ဗျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင် ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားတို့လို အနောက်အုပ်စု လက်ဝေခံမီဒီယာတွေ၊ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်းကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ ဆန္ဒအမှန်က ခင်ဗျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ စွက်ဖက်မှုတွေ မဟုတ်ပါဘူး။**

**ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG/PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတား မိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်း သာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာ ဖြစ်ပါတယ်။**

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တာ၊ ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးပဋိပက္ခကို မီးထိုးပေးတာ၊ အကြမ်းဖက်အဖွဲ့တွေကို သွယ်ဝိုက်ထောက်ခံအားပေးတာတွေသာ ဖြစ်နေတဲ့အတွက် ဒါဟာ CSW အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပေးလိုပါတယ်။

ခင်ဗျားရဲ့ လုပ်ရပ်တွေကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ခင်ဗျားကို အကြမ်းဖက်အားပေးသူတစ်ဦးအဖြစ်သာ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် မမှန်မကန် စွပ်စွဲပြောဆိုမှုတွေကို ရပ်တန်းကရပ်ဖို့၊ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုနေမှုတွေကို ရပ်တန့်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့ ကျွန်တော်တို့သာမန်ပြည်သူတွေက တောင်းဆိုလိုက်ပါတယ်။ "မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေသည့် မည်သည့်လုပ်ရပ်ကိုမဆို တုံ့ပြန်ရန် ဥပဒေအရ အခွင့်အာဏာ အပြည့်အဝရှိသည်" ဆိုတဲ့ အကြောင်းကိုလည်း ခင်ဗျားနဲ့တကွ နိုင်ငံတကာကသိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် အသိပေးလိုက်ရပါတယ်။

**(ဤဆောင်းပါးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူတစ်ဦး၏ အာဘော်သာဖြစ်ပြီး ဘာသာရေးနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။)**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ (Science Festival 2025) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီ Naypyitaw State Polytechnic University (NSPU) ၌ ဆက်လက်ကျင်းပသည်။



**ကြည့်ရှုအားပေး**

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

**ဖြေကြားဆွေးနွေး**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ Project Shows ပြုလုပ်နေမှု၊ ပန်းချီပြခန်းနှင့် စုဝေးခန်းမ၌ “The Science Movies Almanac” မှတ်တမ်းရုပ်ရှင်များပြသနေမှုကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရုရှားနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြား ဆွေးနွေးပေးကြသည်။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းများမှ Grade-5 ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်သည် “DIY Science Session” ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်း ပြိုင်ပွဲတွင် လူငယ်များ သိပ္ပံကမ္ဘာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရရှိစေမည့် အခွင့်အလမ်းများပေးနိုင်ရန်၊ အခြေခံအင်ဂျင်နီယာနည်းပညာရပ်များ တီထွင်ဖန်တီးနိုင်သော အရည်အချင်းများ၊ အသိပညာဗဟုသုတများ ရရှိစေရန် ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။

**ယုံကြည်စိတ်ချရသည့်စနစ်**

Small Modular Reactor(SMR) အသေးစားနျူကလီးယားစက်ရုံနှင့် စပ်လျဉ်းသည့် အသိပညာဟောပြောပွဲတွင် ရုရှားပညာရှင်များက SMR သည် ဘေးကင်းပြီး ယုံကြည်စိတ်ချရမှုရှိသည့် နည်းပညာရပ်များဖြင့် တည်ဆောက်ထားသော စနစ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကျရောက်ပါက အလိုအလျောက် ဘေးကင်းလုံခြုံစွာ Shut Down လုပ်နိုင်စွမ်းရှိသည့် စနစ်များပါရှိကြောင်း ဆွေးနွေးပြောကြားသည်။

**ပါဝင်ယှဉ်ပြိုင်**

Hack Atom ပြိုင်ပွဲတွင် အဖွဲ့ ၁၀ ဖွဲ့မှ Small modular nuclear reactors as a basis for industrial development of the region ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက အနိုင်ရရှိသည့် အဖွဲ့များကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပထမနှစ်သင်တန်း စတင်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ် လျက်ရှိသည့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အောက်မြန်မာပြည်တွင် အသစ်ဖွင့်လှစ်လိုက်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ပထမနှစ် သင်တန်းများကို စတင်သင်ကြားပို့ချလျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက သင်ကြားသင်ယူရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ် ဘွဲ့ကြိုသင်တန်း ပထမနှစ် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ အားကိုးအားထားပြုရသည့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များ ဖြစ်စေရေးအတွက် ဆိုင်ရာ ဘာသာရပ်များကို စနစ်တကျ ကြိုးပမ်းလေ့လာ သင်ယူသွားကြရန်နှင့် သုတေသနကို အခြေခံသော သင်ကြားသင်ယူမှုပြုလုပ်ရန်အတွက် Center Excellence ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသားဗဟိုပြုစနစ်နှင့် တီထွင်သင်ကြားပေးရန် လိုအပ်ကြောင်း၊ ခေတ်မီ IT နည်းပညာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးကြရန်၊ အားကစားနှင့် ဘက်စုံဖွံ့ဖြိုးရေးအပြင် စိတ်ဓာတ်စည်းကမ်းပညာပြည့်စုံသော လူချွန်လူကောင်းများဖြစ်စေရေး ကြိုးပမ်းသွားကြရန် အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘာသာရပ်အလိုက် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ အလားတူ ကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ်(ပြည်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ပထမနှစ်ဝက်သင်တန်းများ စတင်ဖွင့်လှစ်

**ပြည် နိုဝင်ဘာ ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (ပြည်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်ဝက် သင်တန်းနှင့် ပထမနှစ်ဝက် သင်တန်းများကို နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ကျောင်းသား ကျောင်းသူများကို ဘာသာရပ်အလိုက် ဆရာ ဆရာမများက သင်ကြား၊ သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းလုပ်ငန်း၊ အဆောင်နေ ကျောင်းသား ကျောင်းသူများ ကျောင်းတွင်း အဆောင်နေထိုင်နိုင်ရေး စီစဉ်ပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအားလုံး အခက်အခဲမရှိ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် ယင်းတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## Polytechnic University (မြိတ်) ဘွဲ့ကြို(ပထမနှစ်) သင်တန်းတက်ရောက်မည့် မောင်မယ်သစ်လွင်များအား လှိုက်လှဲနွေးထွေးစွာကြိုဆို

**မြိတ် နိုဝင်ဘာ ၂၅**

Polytechnic University (မြိတ်) တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို(ပထမနှစ်) သင်တန်းများအားလုံးကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းတက်ရောက်ကြမည့် မောင်မယ်သစ်လွင်များအား သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။



Faculty of Engineering တွင် ကျောင်းသား ကျောင်းသူ ၄၁၀ နှင့် Faculty of Computing တွင် ကျောင်းသား ကျောင်းသူ ၃၄၂ ဦးတို့အား ဒုတိယပါမောက္ခချုပ်၊ သင်တန်းရေးရာဌာနမှူးနှင့် ဆရာ ဆရာမများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ဆရာ ဆရာမများက သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်သည်။

သင်ကြားသင်ယူမှုများ စတင်ချိန်တွင် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအားလုံးရှိ ကျောင်းသား ကျောင်းသူများအား သင်တန်းရေးရာဌာနမှူးက ကျောင်းစည်းကမ်းများ၊ အဆောင်စည်းကမ်းများ၊ သင်ကြားရေးဆိုင်ရာ စည်းကမ်းများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၆ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အညာသားများ အညာမမိစေချင်

မောင်တိုးအေး

သည့်နှစ်မိုးကောင်းတော့ အညာတစ်ခွင် စိမ်းစိုလို့နေသည်။ ယခုလို မိုးကောင်းသည့်နှစ်တွေဆိုလျှင် အညာကို သတိရသည်။ ရွာက ယာခင်းများနှင့် ဆွေမျိုးများထံ မရောက်ဖြစ်တာကြာပြီ။ "တို့အညာကို တစ်နှစ်မှာ သုံး/လေးကြိမ်လောက်သာ မိုးကောင်းကောင်းရွာပေးစမ်းပါကွာ...၊ အညာသားတွေ အခြားမြို့ရွာတွေသွားပြီး အလုပ်လုပ်စရာ မလိုတော့ဘူး..." ဟု ဦးကြီးပြောဖူးသည့်စကားကို ကြားယောင်မိသည်။ ကျွန်တော့်ဦးကြီးပြောသလို အညာကို မိုးကောင်းကောင်းသာ ရွာပေးကြည့်ပါ။ ကျွန်တော်တို့ အညာသားတွေ ပြုံးပျော်ရွှင်မြူးနေမှာ အမှန်ပါပဲ။

တကယ်တော့ ကျွန်တော်တို့ အညာသားတွေက ရိုးသားလွန်းသည်။ ငယ်ငယ်က ဆရာမောင်ကြေးမုံ၏ **"အညာမိသွားတဲ့ အညာသား"** သီချင်းလေးနားထောင်ပြီး အောက်ပြည် အောက်ရွာသူတစ်ယောက်က အညာသားတစ်ယောက်ကို လိမ်ညာလှည့်ဖြားချန်ထားခဲ့ပုံလောက်သာ ကြားဖူးသည်။ အခုတော့ ရိုးသားလွန်းသည့် အညာသားတွေကို ကိုယ်ကျိုးစီးပွားသမားတွေက ဘဝတွေပျက်သွားအောင် အမြတ်ထုတ်ခဲ့ကြတာတွေ နားနှင့်မဆံ့အောင် ကြားနေရသည်။ အညာသားတွေဘဝက ယခုထိ အညာခံနေရဆဲဖြစ်သည်။

### အညာမိပြန်ပြီ

အညာသားတွေ အညာခံရတဲ့အကြောင်း ကျွန်တော်တို့အညာသားအချင်းချင်း ပြောမိတိုင်း ရင်နာရသည်။ အွန်လိုင်းပေါ်မှာ အညာသားကဗျာဆရာတစ်ယောက်က ယနေ့ဖြစ်ပေါ်နေသည့် အခြေအနေများမှာ အညာသားတွေ ဘဝတွေပျက်၊ အသိုက်တွေပျက်ပြီး အလူးအလဲခံနေရပုံကို တစ်ဖွဲ့တစ်နွဲ့ပြောရှာသည်။ နားထောင်ကြည့်ရုံနှင့်ပင် ရင်ထဲနင့်နင့်သီးသီး ခံစားရသည်။ ရိုးသားသည့် အညာသားများကိုမှ လုပ်ရက်ပါလေစဟု ယူကျုံးမရဖြစ်မိသည်။

အညာသား ကဗျာဆရာပြောသလို "အညာဟာ သနားဖို့ကောင်းပါတယ်။ ပြန်တည်ရမယ့် ဘုရားတွေ၊ ပြန်ဆောက်ရမယ့် ကျောင်းတွေ၊ ပြုပြင်ရမယ့် ဆေးရုံတွေ၊ ပြန်ရွှေ့ရမယ့် သင်္ချိုင်းတွေ၊ လူမစုံတော့တဲ့ ထမင်းဝိုင်းတွေ၊ အိပ်နေရင်း လန့်နိုးရမယ့် မှတ်ဉာဏ်ဆိုးတွေနဲ့ အညာနေရာ အညာနဲ့အစားထိုးရင်တောင် တစ်ချိန်က အညာကို ပြန်မရတော့ဘူး" ဆိုသည့် စကားလုံးတွေဟာ ကျွန်တော်တို့ရင်ထဲ ပြောမပြတတ်အောင် နာကျင်မိသည်။

### အညာကို ညာသွားတာဘယ်သူလဲ

တကယ်တော့ အညာသားတွေဟာ "တုံး" "အ" လွန်းလို့ အညာခံရတာမဟုတ်။ "ရိုး" "အ" လွန်း၊ အားနာလွန်းလို့ အညာခံရခြင်းဟု ပြောရမည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် အညာသားတွေကို သတင်းမှားတွေပေး၊ မျှော်လင့်ချက်အမှားတွေပေး၊ အတွေးအခေါ်အမှားတွေပေးပြီး လမ်းမှားသို့ တွန်းပို့ကြသည်။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အမှန်ကို အသိမပေးဘဲ တပ်မတော်အပေါ်၊ နိုင်ငံတော်အစိုးရအပေါ် မကျေနပ်ချက်တွေ၊ အမုန်းတရားတွေ၊ အာဃာတတွေ ရိုက်သွင်းပြီး အစွန်းရောက်အောင် ဆွဲခေါ်ခဲ့သည်။ NLD ပါတီ၏ မဲမသမာမှုကို အသိမပေးဘဲ လိမ်လည်လှည့်ဖြားကာ စည်းရုံးသိမ်းသွင်းပြီး အညာကို စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ အချို့ NUG၊ PDF ဆိုသည့် အကြမ်းဖက်သမားတွေက လက်နက်အားကိုးဖြင့် အညာသားတွေကို ခြိမ်းခြောက်သည်။ အကြမ်းဖက်မှုတွေမှာ ရိုးသားသည့် အညာသားတွေကို ပါဝင်ခိုင်းခဲ့သည်။

"တကယ်တော့ အညာသားတွေဟာ "တုံး" "အ" လွန်းလို့ အညာခံရတာမဟုတ်။ "ရိုး" "အ" လွန်း၊ အားနာလွန်းလို့ အညာခံရခြင်းဟု ပြောရမည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် အညာသားတွေကို သတင်းမှားတွေပေး၊ မျှော်လင့်ချက်အမှားတွေပေး၊ အတွေးအခေါ် မှားတွေပေးပြီး လမ်းမှားသို့ တွန်းပို့ကြသည်။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အမှန်ကို အသိမပေးဘဲ တပ်မတော်အပေါ်၊ နိုင်ငံတော်အစိုးရအပေါ် မကျေနပ်ချက်တွေ၊ အမုန်းတရားတွေ၊ အာဃာတတွေရိုက်သွင်းပြီး အစွန်းရောက်အောင် ဆွဲခေါ်ခဲ့သည်။ NLD ပါတီ၏ မဲမသမာမှုကို အသိမပေးဘဲ လိမ်လည်လှည့်ဖြားကာ စည်းရုံးသိမ်းသွင်းပြီး အညာကို စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ အချို့ NUG၊ PDF ဆိုသည့် အကြမ်းဖက်သမားတွေက လက်နက်အားကိုးဖြင့် အညာသားတွေကို ခြိမ်းခြောက်သည်။ အကြမ်းဖက်မှုတွေမှာ ရိုးသားသည့် အညာသားတွေကို ပါဝင်ခိုင်းခဲ့သည်"

အဆိုးရွားဆုံးကတော့ ရွာသားအချင်းချင်း စည်းလုံးမှုတွေ ပြိုကွဲအောင်လုပ်ပြီး အဖွဲ့တွေအမျိုးမျိုးကွဲစေခဲ့သည်။ အညာမှာ လမ်းပေါ်ဝါးလုံးတန်းတွေတားပြီး အညာသားပြည်သူတွေဆီက ငွေကြေးတွေကောက်၊ ကုပ်သွေးတွေ စုပ်နေကြသည်။

တကယ်တော့ အညာဟာ ရေနံ့နည်းနည်း၊ ရွှေနည်းနည်း ထွက်သည်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်သွန်ထွက်သည်။ ကြက်သွန်ပေါ်လျှင် သားကိုရှင်ပြုမည်။ နှမ်းကောင်းလျှင် ဘုရားပွဲကျင်းပမည် ဆိုသည့် အညာဒေသဟာ ယခင်ကတည်းက အရာရာရှားပါးသည်။ အညာမှာရှိသည့် မိသားစုတွေအားလုံး တက်ညီလက်ညီလုပ်မှ ဝမ်းဝခါးလှသည်။ ယာခင်းထဲကထွက်သည့် ဆူးပုပ်၊ ကင်ပွန်းချဉ်ရွက်နှင့်ဖြစ်သလိုစားပြီး ငွေကို ခြစ်ခြစ်ကုတ်ကုတ် စုကြရသည်။ စုထားသမျှငွေကို ဝါကျွတ်လျှင် သားသမီး၊ မြေး၊ မြစ်တွေကို ရှင်ပြုနားသပြီး တစ်နှစ်ပတ်လုံး အလုပ်ပြန်လုပ်ကြသည်။ မရှိရှိတာလှူလိုက်ပြီး ကျောင်းအစ်မကြီး၊ ကျောင်းဒါယကာကြီးဟု အခေါ်ခံရလျှင် တစ်နှစ်တာ သူတို့ပင်ပန်းထားသမျှ ပြေပျောက်ကြသည်။ အဲသည်လို ကျင်လည်နေကြသည့်အညာကို NUG၊ PDF အကြမ်းဖက်သမားတစ်သိုက်က ဝါဒမှိုင်းအမျိုးမျိုးတိုက်၊ အမုန်းတရားအမျိုးမျိုးပြောပြီး အစိုးရနှင့် တပ်မတော်အပေါ် အမြင်မှားအောင် လုပ်ဆောင်သည်။ နဂိုကတည်းက ရိုးသားသည့် အညာသားများကို လိမ်ညာလှည့်ဖြားပြီး စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ တွေးမိတိုင်း ရင်နာရသည်။

### အညာသားတွေ အညာမခံကြပါနှင့်

ယခုဆိုလျှင် အညာတစ်ခွင်တွင် အကြမ်းဖက်သမားများ ခိုအောင်းနိုပ်စက်ခဲ့သည်မှာ ငါးနှစ်ခန့်ကြာခဲ့ပြီ။ အညာဒေသတစ်ခုလုံး၏ ထိခိုက်ပျက်စီးမှုတွေက ပြောမပြချင်လောက်အောင် များလှသည်။ မကြာမီ နိုင်ငံတော်အစိုးရက အညာဒေသအပါအဝင် နိုင်ငံတစ်ဝန်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ဝန်းကို ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ပေးတော့မည်။ အညာသားတွေ ဘာဖြစ်ချင်သည်၊ ဘာလိုချင်သည်ကို သဲသဲကွဲကွဲ ခွဲခြားရန်လိုပါသည်။ ရွေးကောက်ပွဲသည်သာ ယနေ့အခြေအနေအားလုံးအတွက် အကောင်းဆုံးဖြစ်သည်ဟုလည်း နားလည်လက်ခံသင့်သည်။ ၂၀၂၅ ရွေးကောက်ပွဲပြီးပါက ဒီမိုကရေစီအစိုးရပေါ်လာမည်။ လွှတ်တော်အသီးသီးလည်း ပေါ်လာတော့မည်။ ဒီမိုကရေစီ ပြန်လည်အသက်ဝင်လာမည်ဟုလည်း သိထားရမည်။

"ယခုဆိုလျှင် အညာတစ်ခွင်တွင် အကြမ်းဖက်သမားများ ခိုအောင်းနှိပ်စက်ခဲ့သည်မှာ ငါးနှစ်ခန့်ကြာခဲ့ပြီ။ အညာဒေသတစ်ခုလုံး၏ ထိခိုက်ပျက်စီးမှုတွေက ပြောမပြချင်လောက်အောင် များလှသည်။ မကြာမီ နိုင်ငံတော်အစိုးရက အညာဒေသအပါအဝင် နိုင်ငံတစ်ဝန်းတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ဝန်းကို ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ပေးတော့မည်။ အညာသားတွေ ဘာဖြစ်ချင်သည်၊ ဘာလိုချင်သည်ကို သဲသဲကွဲကွဲ ခွဲခြားရန်လိုပါသည်။ ရွေးကောက်ပွဲသည်သာ ယနေ့အခြေအနေအားလုံးအတွက် အကောင်းဆုံးဖြစ်သည်ဟုလည်း နားလည်လက်ခံသင့်သည်။ ၂၀၂၅ ရွေးကောက်ပွဲပြီးပါက ဒီမိုကရေစီအစိုးရပေါ်လာမည်။ လွှတ်တော်အသီးသီးလည်း ပေါ်လာတော့မည်။ ဒီမိုကရေစီ ပြန်လည်အသက်ဝင်လာမည်ဟုလည်း သိထားရမည်"

မိမိတို့၏ အခက်အခဲများ၊ အခွင့်အရေးများကို မိမိတို့ရွေးချယ်ပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြအရေးဆိုနိုင်ကြမည်။ ယင်းအချိန်တွင် အညာမှာအခြေပြုနေသည့် အကြမ်းဖက်သမားများ၏ တော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ငန်းများအားလုံး သားလျှောပျက်ပြယ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။ အညာမှာ အကြမ်းဖက်သမားများ အသိုက်အမြုံဆောက်၊ ဝပ်ကျင်းတည်ဆောက်မှုများ နောက်တစ်ကြိမ်မပြုလုပ်နိုင်ရေး အညာသားတိုင်းက မျက်စိဖွင့်၊ နားစွင့်ပြီး အမြင်ကျယ်ကျယ်လုပ်ဆောင်ကြဖို့လိုသည်။

အကြမ်းဖက်သမားများ၏ မဟုတ်မမှန် လိမ်ညာလှည့်ဖြားပြောဆိုမှုများကို မယုံကြဘဲ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ညီညီညွတ်ညွတ် လုပ်ဆောင်ကြဖို့လိုသည်ဟု မြင်သည်။ အကြမ်းဖက်သမားများ၏ လှည့်ဖြားမှုအောက်ရောက်နေကြသည့် လူငယ်များကိုလည်း လမ်းမှန်ရောက်အောင် ဝိုင်းဝန်းလမ်းပြဖို့လိုသည်။ အညာကို ယခင်ကလို အညာဆန်ချင်သည်။ အေးချမ်းချင်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲကို မဖြစ်မနေလုပ်မှာဖြစ်သည့်အတွက် မိမိတို့၏အနာဂတ်ကို မိမိတို့စိတ်တိုင်းကျရွေးချယ် "မဲ" ပေးကြဖို့လိုသည်။ ဒီမိုကရေစီနိုင်ငံရေးအလှည့်အပြောင်းကို အညာသားတွေ ပါဝင်ကူးပြောင်းပေးကြဖို့သာ တိုက်တွန်းပေးချင်သည်။

### အညာသား အညာပြန်ချင်သည်

ယခုနှစ်မိုးကောင်းသဖြင့် အညာကို ပြန်ချင်သည်။ ယခင်ကလို ရွာဘုရားပွဲ၊ အလှူပွဲတွေသွားပြီး ရွာက ဆွေမျိုးမိဘများနှင့် စကားလက်ဆုံကျချင်သည်။ ပဲဈေး၊ နှမ်းဈေး၊ ကြက်သွန်ဈေးများပြောပြီး အပန်းဖြေချင်သည်။ ကြက်သွန်ဈေး၊ နှမ်းဈေး ကောင်းသည့်နှစ်များမှာ သင်္ကန်းတောင်းကြီး ခေါင်းပေါ်ရွက်ထားသည့် အညာသူများ၊ ဖက်စိမ်းကွမ်းတောင်ကိုင်ထားသည့် အညာသူ ညီပြာညက်များကို တွေ့ချင်သည်။ ကွမ်းချိုးများပေါ်အောင်ပြုံးရင်း သပိတ်လွယ်ထားကြသည့် အညာသား လူညိုထွားများကိုလည်း တွေ့ချင်လှပြီ။ ရွာဘုရားမှာ ထုံးသင်္ကန်းကပ်ရင်း တရားတစ်ပုဒ်ကို ကြည်ကြည်လင်လင်နာချင်သည်။ နောက်ဆုံး ရွာကဆွေမျိုးများနှင့်ရေစက်ချ သာဓုအတူခေါ်ချင်သည်။ ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုပါလျှင် အညာသားတစ်ဦး၏ အညာပြန်ခရီးသည် ယခင်ကလို သာယာဖြောင့်ဖြူးစေလိုသည်။

ဤဆုတောင်းပြည့်ဖို့ဆိုလျှင် အညာဟာ ငြိမ်းချမ်းနေဖို့လိုပါသည်။ အညာသားများ အညာကို ချစ်ဖို့လိုသည်။ အညာသားများ စည်းလုံးဖို့လိုသည်။ အကြမ်းဖက်သမားများကို ညီညီညွတ်ညွတ်ဆန့်ကျင်ဖို့လိုသည်။ အကြမ်းဖက်သမားများ၏ လှည့်စားမှုပရိယာယ်ကို သိမြင်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်သာဖြစ်သည်။

### အညာသားများ အညာမမိစေချင်

သည်တစ်မိုးပြီးလျှင် အညာမှာ ငြိမ်းချမ်းတော့မည်ဟု ယုံကြည်သည်။ အညာသားတစ်ဦး၏ ရင်ထဲကဆန္ဒအမှန်မှာ အညာကို ဟိုးအရင်က အညာလို ပြန်ဖြစ်ချင်သည်။ *စာမျက်နှာ ၁၁ သို့*

# ၂၀၂၅ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အခမ်းအနားကို နေပြည်တော် ရုံးအမှတ် ၂၃ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ တို့မှ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီး ကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးအဖွဲ့အစည်း များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ သည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်း အပေါ်သာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများ ကို ဖြစ်ပေါ်စေပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက





အမျိုးသမီး သုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ ဘဝ တစ်လျှောက်တွင် အနည်းဆုံးတစ်ကြိမ် အကြမ်းဖက် မှုကို ကြုံတွေ့ခဲ့ရသည်ဟု ဖော်ပြခဲ့ပါကြောင်း၊ ကမ္ဘာလုံး ဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုကို ဖြစ်စေသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လည်း ပိုမိုမြင့်တက်စေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂကချမှတ်ထား သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုး သမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်း အစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ **" UNiTE to End Digital Violence against All Women and Girls"** **"အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှု ပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"** ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေများ ပြဋ္ဌာန်းပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေ ဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာန/အစိုးရ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့်သူများက Help Line ဖုန်းနံပါတ် 1566 ကို တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်ပေါ်မူတည်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲ မှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ (Case Manager) ၅၉၆ ဦးနှင့် ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း၊ အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center–OSWSC) နှင့် ကျားမအခြေပြု အကြမ်းဖက်ခံရသူများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ပြုစုစောင့် ရှောက်မှုပေးနိုင်သည့်စင်တာ (One Stop Crisis Center – OSCC)တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများတွင် ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း ပြောကြား သည်။

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက် မှု ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကိုပြသပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်၏ အမျိုးသမီးငယ်များက Fitness Dance ဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လှည်းကူးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ရပ်၊ကျေး လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**လှည်းကူး နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအား ရပ်၊ကျေး လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း နောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအသန်းက ရပ်၊ကျေး လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက ရပ်၊ကျေး လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကျွန်းစုမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထားမှုနှင့် မြိတ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြိတ် နိုဝင်ဘာ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ် သိန်း (တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ)၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူ များသည် ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာ အုပ်စု ပထော်/ပထက်ကျေးရွာ၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထားရှိမှုကို ကြည့်ရှု စစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် နှင့်အဖွဲ့သည် ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများမှ ဒုတိယ အကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင် များက အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်လွှာ တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးကြရန် မှာကြားပြီး မဲရုံပြုလုပ်မည့် စာသင်ကျောင်းများကို ကြည့်ရှု ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် နှင့် အဖွဲ့သည် မြိတ်ခရိုင်ကော်မရှင် အဖွဲ့ခွဲရုံး၌ မြန်မာအီလက်ထရောနစ် MEVM မဲပေးစက်များ ကြိုတင် ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြိတ် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံး၌ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် များ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **ခိုင်ထူး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင် သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

နွေဆန်းလျှင် အညာကိုသွားပြီး ရေနွေးကြမ်းနှင့် အမဲခြောက်ဖုတ်ကို မြည်းကာ အညာသားများ၏ "ရိုး" "အ" မှုကို အားရပါးရပြောချင် သည်။ နိုင်ငံရပ်ခြားက ပြည်ပအားကိုး ပုဆိန်ရိုးများ၏ နိုင်ငံရေး အမြတ်ထုတ်မှုများကို အသိပေးချင်သည်။ နောက်တစ်ကြိမ် နိုင်ငံရေး တောကြောင်များ၏ အသုံးချမှုမခံရအောင် အညာသားများကို လက်ခမောင်းခတ်ပြီး ပြောပြချင်သည်။

အညာသား ကဗျာဆရာတစ်ဦးပြောသလို ကျွန်တော်တို့အညာ ဟာ တကယ်ပဲသနားစရာကောင်းလှသည်။ သည်တစ်ခေါက် အညာ ရောက်လျှင် တချို့အညာဒေသများမှာ ရွာလမ်းဘေးအနီးတစ်ဝိုက် မြှုပ်ထားသည့် နင်းမိုင်းတွေကို ပြန်ဖော်ကြမည်။ အကြမ်းဖက်သမား များကြောင့် ပျက်စီးခဲ့ရသည့် ဘုရားစေတီတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေကို အေးချမ်းသွားသည့်အခါ ဝိုင်းဝန်းပြုပြင်ကြ ရမည်။

တစ်ချိန်သောအခါက အညာကိုပြန်ရဖို့အတွက် တစ်နည်းအား ဖြင့် အညာနေရာကို အညာနှင့်အစားထိုးနိုင်ဖို့အတွက် ကျွန်တော်တို့ အညာသားတွေ စည်းလုံးကြဖို့ ဆောင်ရွက်ချင်သည်။ ယနေ့အချိန်တွင် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဆန့်ကျင်ပြီး ရွေးကောက် ပွဲကြီး အောင်မြင်အောင် ကြိုးပမ်းကြဖို့သာလိုသည်။ အထူးသတိပြု ရမည်မှာ အညာသားများ ထပ်ပြီးအညာမမိကြဖို့ သတိကြီးစွာ ထားရပေလိမ့်မည်။ ။



KK Park နယ်မြေအတွင်းရှိ လူနေအဆောက်အအုံ ငါးထပ်တိုက်အား မြင်တွေ့ရစဉ်။



KK Park နယ်မြေအတွင်းရှိ လူနေအဆောက်အအုံ ငါးထပ်တိုက်အား စနစ်တကျ ဖောက်ခွဲပြီးမြင်တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများ မြင်တွေ့ရစဉ်။




KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများ စနစ်တကျ ဖြိုချဖျက်ဆီးနေမှုကိုတွေ့ရစဉ်။



KK Park အပိုင်း(၃)အဆောက်အအုံအတွင်းမှ ကွန်ပျူတာအလုံး ၁၀၀ သိမ်းဆည်းရရှိမှုကို တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများမှ အိပ်ရာသုံးပစ္စည်းများ စုပုံမီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက်ပါနယ်မြေများရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်း အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာအလုံး ၁၀၀ အား သိမ်းဆည်းရမိခဲ့သည်။ ၎င်းအပြင် တရားမဝင်အဆောက်အအုံကိုးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း (၃)ပိုင်းတွင် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး ရှိသည့် အနက် ၂၃၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၁၂ ထပ် အဆောက်အအုံတစ်လုံး၊ သုံးထပ်အဆောက်အအုံ ၁၆ လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၂ လုံးနှင့် တစ်ထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိသည့်အပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကိုလည်း တွေ့ရှိခြင်းမရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်းအလုံး၂၁၇၅၀၊ Starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး ယနေ့တွင် တရားမဝင် ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသူများကိုလည်း အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို

*စာမျက်နှာ ၁၃ သို့*

# ထားဝယ်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၅**

"အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး" ဟူသည့် ဆောင်ပုဒ်နှင့်ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီး၏ အခွင့်အရေးများကို ဖော်ထုတ်ပေးခြင်း၊ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်ပေးပြီး အသိအမှတ်ပြုပေးခြင်းနှင့် မိန်းကလေးငယ်များ၊ အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲအတားအဆီးများကို ကြိုတင်ဖြေရှင်းပေးခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှုလျှော့နည်းပပျောက်ရေးကိစ္စကို နိုင်ငံတော်အဆင့် ဦးစားပေးကဏ္ဍတစ်ခု အဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီးအနေဖြင့်လည်း အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် ထားဝယ်မြို့တွင် One Stop Women Support Center(OSWSC) တစ်ခုကို ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှု အပါအဝင် အခြားသောအကြမ်းဖက်မှု ပုံစံအားလုံးမှ တားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး



၁၆ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုချီးမြှင့်ပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံ(နေကြာ)မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပျားပုံးများ ပေးအပ်ခြင်းနှင့် နှမ်းစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံ (နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပျားပုံးများ ပေးအပ်ခြင်းနှင့် နှမ်းစပါးမျိုးစေ့ချကိရိယာ (Seeder)ဖြင့် စိုက်ပျိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူဒေါ်အေးအေးပိုင်၏ လယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန်၊ စားရေရိက္ခာဖူလုံရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် သီးနှံရာသီအလိုက် လုပ်ငန်း လမ်းညွှန်ချက်များကို လိုက်နာရန်၊ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် အမှာစကားပြောကြား၍ တောင်သူများကို ဓာတ်မြေဩဇာနှင့် ပျားပုံးများ ပေးအပ်သည်။

ထို့နောက် တောင်သူဒေါ်အေးအေးပိုင်၏ လယ်တွင် ဆောင်းသီးနှံ(နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးနေမှု၊ နှမ်းစပါးမျိုးစေ့ချကိရိယာ (Seeder)ဖြင့် စိုက်ပျိုးနေမှု **(ဝဲပုံ)**၊ ပြသထားသည့် စပါးမျိုးစေ့နမူနာနှင့် ဓာတ်မြေဩဇာများကို ကြည့်ရှုအားပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမျိုးသားသွေးဌာနတွင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်း ၂၀၀ က စုပေါင်း သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

အဆိုပါသွေးများကို အမျိုးသားသွေးဌာနတွင် ထိန်းသိမ်းထားရှိကာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ ခွဲစိတ်ကုသမှုခံယူသူများ၊ သွေးရောဂါဝေဒနာရှင်များ၊ ကင်ဆာရောဂါဝေဒနာရှင်များအပြင် လိုအပ်သည့်နေရာများသို့ အချိန်မီပေးပို့နိုင်ရေးကို တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းနှင့် ဂိုးပေါက်ကန်သွင်းချက် ၂၅ ကြိမ်ရှိခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ဂိုးသွင်းယူမှုအပိုင်းတွင် လိုအပ်ချက်ရှိနေသည့်အတွက် သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ငါးပွဲဆက် ရှုံးပွဲမရှိ မှတ်တမ်းရပ်တန့်ခဲ့ရသည်။ အဲဗာတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၂၉ မိနစ်တွင် ကီယာနန် ဒူးဘယ်ရီဟောလ်က သွင်းယူပေးခဲ့သည်။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၉၉၂ ခုနှစ်နောက်ပိုင်း အိုးထရက်ဖို့ဒ်ကွင်း၌ ဒုတိယအကြိမ်မြောက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အဲဗာတန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၁) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**





တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ၁၂ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် သုံးထပ်တိုက် လူနေအဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ဆိုရှယ်မီဒီယာအသုံးပြုခွင့် ပိတ်ပင်မည်



**ကွာလာလမ်ပူ နိုဝင်ဘာ ၂၅**
မလေးရှားနိုင်ငံသည် အသက် ၁၆ နှစ်အောက်ကလေးငယ်များအား ဆိုရှယ်မီဒီယာအသုံးပြုခွင့် ပိတ်ပင်သွားမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ အဆိုပါအစီအစဉ်မှာ အွန်လိုင်းအန္တရာယ်ထိခိုက်နစ်နာမှုများမှ လူငယ်လူရွယ်များအား အကာအကွယ်ပေးရန်ဖြစ်သည်ဟု ဆိုသည်။

မလေးရှားအစိုးရသည် ယင်းအစီအစဉ်ကို လာမည့်နှစ်တွင် စတင်အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။ လူမှုမီဒီယာပလက်ဖောင်းများတွင် လူငယ်လူရွယ်များ အကောင့်ဖွင့်ခြင်းကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး ဖာမီဖက်ဒ်ဇီလ်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားထားသည်။

မလေးရှားနိုင်ငံ၌ အွန်လိုင်းရာဇဝတ်မှုနှင့် အခြားသော ဆိုက်ဘာပြဿနာရပ်များကို တိုက်ဖျက်ရေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် လူမှုမီဒီယာနှင့် မက်ဆေ့ပို့ဝန်ဆောင်မှုပေးသူများသည် လိုင်စင်ရယူရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ လိုင်စင်ရပလက်ဖောင်းများသည် အသက်အရွယ်စိစစ်အတည်ပြုခြင်းနှင့် အကြောင်းအရာ ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံက အသက် ၁၆ နှစ်အောက် ကလေးငယ်များအတွက် လူမှုမီဒီယာအကောင့်များကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် မလေးရှားနိုင်ငံ၏ အဆိုပါလုပ်ဆောင်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## အာရှထိပ်တန်းပညာရေးစနစ်တွင် ပါဝင်ရန် ဗီယက်နမ်အစိုးရ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်

**ဟန္နိုင်း နိုဝင်ဘာ ၂၅**
ပညာရေးအရည်အသွေးကို ခေတ်မီတိုးတက်စေရန်အတွက် ဗီယက်နမ်အစိုးရသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ ဗီယက်နမ်ဒေါင်ငွေ ၅၈၀ ထရီလီယံကျော်(အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံခန့်) ခွဲဝေပေးရန် နိုဝင်ဘာ ၂၅ ရက်တွင်အဆိုပြုခဲ့ကြောင်း ဒေသတွင်း နေ့စဉ်အီလက်ထရောနစ် သတင်းစာတစ်စောင်ဖြစ်သော ဒန်ထရီက ဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်သည် အမျိုးသားပညာရေးစနစ်ကိုစံပြု၍ ပြုပြင်မွမ်းမံရန်၊ သင်ယူမှုအခွင့်အလမ်းများတိုးချဲ့ရန်နှင့် ပညာရေးတွင် တရားမျှတမှုရှိစေရန် ရည်ရွယ်သည်။

အဆိုပါအစီအစဉ်သည် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ ချို့တဲ့သောဒေသများကို ပံ့ပိုးပေးခြင်းနှင့် ဝေးလံသောဒေသများရှိကျောင်းသားများအတွက် ဘော်ဒါဆောင်များ ဆောက်လုပ်ခြင်းအပါအဝင် အဓိကရည်မှန်းချက်ပန်းတိုင်များကို ၂၀၃၀ မတိုင်မီ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်ထားထားသည်။

အစိုးရသည် တက္ကသိုလ် ရှစ်ခုကို အာရှထိပ်တန်း ၂၀၀ စာရင်းတွင်ပါဝင်ရန် အထူးသဖြင့် တက္ကသိုလ်ရှစ်ခု၌ အနည်းဆုံးတစ်ခုကို အာရှထိပ်တန်း ၁၀၀ စာရင်းတွင်ပါဝင်ရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ရည်မှန်းထားသည်။ **ဆင်ဟွာ**

## အမေရိကန်၌ ဘွဲ့ရအများအပြား အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၂၅**
စီးပွားရေး လုပ်ငန်းရှင်များက အချို့သောလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် ဉာဏ်ရည်တုကို ပိုမိုအားထားလာကြသောကြောင့် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်ဘွဲ့ရအများအပြားမှာ အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



အလုပ်ရှာဖွေနေသူတစ်ဦးဖြစ်သည့် မက်သရူး ဆော်လမွန်။

စက်မှုအင်ဂျင်နီယာဘာသာရပ်နှင့် ဇီဝနည်းပညာတို့ကို သင်ယူခဲ့ပြီးနောက် လွန်ခဲ့သောသုံးနှစ်က ဘွဲ့ရထားသော မက်သရူး ဆော်လမွန်သည် အလုပ်ရှာဖွေနေသူတစ်ဦးဖြစ်ပြီး အလုပ်လျှောက်လွှာ ထောင်ချီလျှောက်ထားခဲ့သော်လည်း ပြန်လည်တုံ့ပြန်သည့်နှုန်းမှာ အလွန်နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ပြောသည်။

အသက် ၂၀ မှ ၂၄ နှစ်ရှိ လူငယ်လူရွယ်များအကြား စက်တင်ဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၉ ရာခိုင်နှုန်းရှိခဲ့သည်ဟုဆိုသည်။ ဖက်ဒရယ် အရန်ဘဏ်၏ နောက်ဆုံးစီးပွားရေးအစီရင်ခံစာအရ စီးပွားရေးလုပ်ငန်းရှင်များသည် ဉာဏ်ရည်တုနှင့်ဆက်နွယ်သော နည်းပညာရပ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည့်အတွက် လစာပေးရသည့် ဝန်ထမ်းများ လျှော့ချမှုများ မြင့်တက်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်လေကြောင်းတိုက်ခိုက်မှု အာဖဂန် ၁၀ ဦးသေဆုံးဟု အာဖဂန်တာဝန်ရှိသူပြော

**ကဘူးလ် နိုဝင်ဘာ ၂၅**
ပါကစ္စတန်လေတပ်က အာဖဂန်နစ္စတန် အရှေ့ပိုင်းဒေသကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အာဖဂန် ၁၀ ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဇဘီဟူလာမူဂျာဟစ်က နိုဝင်ဘာ ၂၅ ရက်က ပြောကြားခဲ့သည်။

ပါကစ္စတန်လေတပ်က နိုဝင်ဘာ ၂၄ ရက် ညသန်းခေါင်တွင် ကိုစ့်ပြည်နယ် ဂါဘက်ဇ်ဒေသကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ယောကျ်ားလေး ငါးဦး၊ မိန်းကလေး လေးဦးအပါအဝင် ကလေးကိုးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်ဟု မူဂျာဟစ်က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

ပါကစ္စတန် လေတပ်သည် နိုဝင်ဘာ ၂၃ ရက်တွင် ကူနာနှင့် ပါက်ခ်တီကာ ပြည်နယ်များကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အရပ်သား လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းကပြောကြားသည်။

သို့သော်အဆိုပါပြောကြားချက်များနှင့်ပတ်သက်ပြီး ပါကစ္စတန်ဘက်မှမည်သည့်ထုတ်ပြန်ကြေညာချက်မျှ မထုတ်ပြန်သေးကြောင်း သိရသည်။



ယခင် ကာလများတွင် ပါကစ္စတန်က တာလီဘန်များကို ထောက်ပံ့ခဲ့သည်။ သို့သော်လည်း နယ်စပ်ဒေသများတွင် အစွန်းရောက်အကြမ်းဖက်များကို နှိမ်နင်းမှုနှင့်ပတ်သက်ပြီး နှစ်ဖက်အဖွဲ့များကြား သဘောထားကွဲလွဲခဲ့ကြသည်။ ယခုအချိန်၌ ၎င်းတို့၏ ဆက်ဆံရေးသည် လက်နက်ကိုင်ပဋိပက္ခများ အပြန်အလှန်ဖြစ်ပွားပြီး အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။

အာဖဂန်အစိုးရနှင့် ပါကစ္စတန်တို့သည် အောက်တိုဘာလတွင် အရေးပေါ် ပစ်ခတ်တိုက်ခိုက်မှု သဘောတူညီချက်ကို သဘောတူခဲ့သည်။ သို့သော်လည်း ထာဝရငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများသည် သဘောတူညီမှုမရဘဲ အဆုံးသတ်ခဲ့သည်။

မကြာသေးမီရက်များတွင် ပါကစ္စတန်နှင့် အာဖဂန်တပ်ဖွဲ့များသည် နယ်စပ်ဒေသတစ်လျှောက် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



## တရုတ်နိုင်ငံ ရှန်ကျိုး-၂၂ အာကာသယာဉ်တစ်စင်း အောင်မြင်စွာလွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၂၅**
တရုတ်နိုင်ငံသည် နိုင်ငံအနောက်မြောက်ပိုင်း ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ရှန်ကျိုး-၂၂ အာကာသယာဉ်တစ်စင်းကို နိုဝင်ဘာ ၂၅ ရက်က လွှတ်တင်ခဲ့သည်။ တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် အာကာသအစီအစဉ်တွင် ပထမဆုံး အရေးပေါ်လွှတ်တင်ရေးမစ်ရှင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာကာသယာဉ်သည် ဒုံးပျံမှ လမ်းကြောင်းခွဲထွက်ပြီး သတ်မှတ်ထားသည့် အာကာသပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ခဲ့သည်။ တရုတ်နိုင်ငံ၏ လူလိုက်ပါသည့်အာကာသအေဂျင်စီက အာကာသယာဉ်လွှတ်တင်ရေးအစီအစဉ် အောင်မြင်ကြောင်း ကြေညာခဲ့သည်။ **ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ တင်ပို့ကုန်များမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၃ ဘီလီယံအထိ ရှိလာ

**ကိုလံဘို နိုဝင်ဘာ ၂၅**
သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း တင်ပို့ကုန်များမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၃ ဘီလီယံ ရရှိခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ခြောက်ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(အီးဒီဘီ)က နိုဝင်ဘာ ၂၅ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပို့ကုန်များမှ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ကျော်လွန်လာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အီးဒီဘီက ပြောသည်။ အုန်းသီးအခြေပြုထုတ်ကုန်များသည် ယခုနှစ် ပထမ ၁၀ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ကျော်လွန်ပြီး စံချိန်မှတ်တမ်းသစ် တင်နိုင်ခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံသားများအပေါ် Temporary Protected Status(TPS) ပေးထားရာမှ ရုပ်သိမ်းခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ဒီနေ့မှာတော့ အမေရိကန်နိုင်ငံအစိုးရရဲ့ မြန်မာနိုင်ငံသားများအပေါ်မှာ TPS (Temporary Protected Status) ပေးထားတာကနေ ရုပ်ဆိုင်းလိုက်တဲ့ သတင်းထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီး မီဒီယာများရဲ့ မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဒီနေ့ အမေရိကန်ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန Department of Homeland Security ရဲ့ ထုတ်ပြန်ကြေညာချက်နဲ့ အမေရိကန်နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ရဲ့ ထုတ်ပြန်ကြေညာချက်အရ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားများကို TPS ပေးထားတာကနေ ရုပ်ဆိုင်းလိုက်တယ်ဆိုတဲ့ သတင်းကြားသိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး လေ့လာကြည့်တဲ့အခါ မှာ TPS ရုပ်ဆိုင်းရတဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံရဲ့ အခြေအနေတိုးတက်လာမှုကြောင့်ဆိုတာကို ပြောဆိုထားတာတွေ့ရပါတယ်။ ဒီထဲမှာ မြန်မာနိုင်ငံအစိုးရအနေနဲ့ အရေးပေါ်အခြေအနေက ရုပ်သိမ်းပေးခဲ့မှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ဖို့ ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ငြိမ်းချမ်းရေးဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တည်ငြိမ်လာမှုနဲ့ တိုးတက်မှုတို့ကြောင့် TPS အခွင့်အရေးရထားတဲ့ မြန်မာတွေအနေနဲ့ မြန်မာနိုင်ငံကို လုံခြုံစွာ ပြန်နိုင်ပြီဖြစ်ကြောင်း သုံးသပ်ပြီး ရုပ်ဆိုင်းခဲ့တယ်ဆိုတာကို သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့



မြန်မာနိုင်ငံအစိုးရအနေနဲ့ အမေရိကန်အစိုးရရဲ့ ဒီထုတ်ပြန်ချက်ဟာ အပြုသဘောဆောင်တဲ့ ထုတ်ပြန်ချက်ဖြစ်တယ်လို့ မှတ်ယူပါတယ်။ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသူ/နိုင်ငံသားများအနေနဲ့ အမိနိုင်ငံကို ပြန်လာလို့ရပါတယ်။ ကြိုဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက်နေ့ကတည်းက အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တရားဝင်ကြေညာချက်ထုတ်ပြီး ဖိတ်ခေါ်ခဲ့ပါတယ်။ အဲ့ဒီထဲမှာတော့ လူသတ်မှု၊ မုဒိမ်းမှု စတဲ့ ပြစ်မှုကြီးများ ကျူးလွန်သူများကတော့ တရားဥပဒေအရ တရားရင်ဆိုင်ရမှာဖြစ်ပြီး ကျန်သူများကတော့ အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးသွားပါမယ်လို့ ကြေညာချက်မှာ ပါခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီကြေညာချက်ကြောင့်လည်း ထွက်ပြေးတိမ်းရှောင်သူ တော်တော်များများ ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ သူတို့အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံအတွင်းမှာ ကောင်းမွန်စွာ နေထိုင်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာတော့ ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်များဆိုပြီး PDF အမည်ခံ လက်နက်ကိုင်အုပ်စုတွေကိုလည်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီဖိတ်ခေါ်ချက်ကြောင့်လည်း PDF အမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်ရာပေါင်းများစွာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှာလည်း ကျွန်တော်တို့နိုင်ငံမှာ ရွေးကောက်ပွဲကျင်းပတော့မှာ ဖြစ်တဲ့အတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းချက်ထုတ်ပြန်ပြီး ဖိတ်ခေါ်ခဲ့ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ မကြာမီအချိန်အတွင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်ပါတယ်။ အမေရိကန်ရောက် မြန်မာနိုင်ငံသားများအနေနဲ့ မြန်မာနိုင်ငံကို ပြန်လာပြီး အထွေထွေရွေးကောက်ပွဲမှာ မဲပေးနိုင်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်နိုင်ဖို့ လက်ကမ်းကြိုဆိုပါကြောင်း အသိပေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မြဝတီ | ၁-၇-၂၀၂၅ တပ်မတော်နှင့် ပြည်တွင်းသတင်း | ၃

## ပြည်ထောင်စုအကျိုးအတွက်ဖိတ်ခေါ်ချက်

❖ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းနေမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိမည်မဟုတ်ဘဲ ဒီမိုကရေစီနောက်ပြန်သွားနေသကဲ့သို့သာဖြစ်နေမည်ဖြစ် . . .

❖ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကိုဖော်ဆောင်မည်ဆိုပါက နိုင်ငံတော်အစိုးရနှင့်တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ဆန္ဒရှိပါက နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင် . . .


၃၂ | ၂-၄-၂၀၂၁ | မြဝတီ


## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်



## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့



U.S. Citizenship and Immigration Services MENU

Home > Newsroom > All News > News Releases > DHS Terminating Temporary Protected Status for Burma

## DHS Terminating Temporary Protected Status for Burma

Release Date: 11/24/2025

*Burma has made notable progress in governance and stability*

**WASHINGTON** – Today, Secretary of Homeland Security Kristi Noem announced the termination of Temporary Protected Status (TPS) for Burma (Myanmar). The termination will be effective on Jan 26, 2026.

At least 60 days before a TPS designation expires, the secretary, after consultation with appropriate U.S. government agencies, is required to review the conditions in a country designated for TPS to determine whether the conditions supporting the designation continue to be met, and, if so, how long to extend the designation. If the Secretary determines that the conditions in the foreign state continue to meet the specific statutory criteria for Temporary Protected Status designation, Temporary Protected Status will be extended for an additional period of 6 months or, in the Secretary's discretion, 12 or 18 months. If the Secretary determines that the foreign state no longer meets the conditions for Temporary Protected Status designation, the Secretary must terminate the designation.

"This decision restores TPS to its original status as temporary," said Secretary Kristi Noem. "The situation in Burma has improved enough that it is safe for Burmese citizens to return home, so we are terminating the Temporary Protected Status. Burma has made notable progress in governance and stability, including the end of its state of emergency, plans for free and fair elections, successful ceasefire agreements, and improved local governance contributing to enhanced public service delivery and national reconciliation."

After conferring with interagency partners, Secretary Noem determined that conditions in Burma no longer meet the TPS statutory requirements. The Secretary's decision was based on a U.S. Citizenship and Immigration Services review of the conditions in Burma and in consultation with the Department of State. The Secretary determined that, overall, country conditions have improved to the point where Burmese citizens can return home in safety. She further determined that permitting Burmese nationals to remain temporarily in the United States is contrary to the national interest of the United States.

Burmese nationals returning home are encouraged to use the U.S. Customs and Border Protection CBP Home app to report their departure from the United States.

Last Reviewed/Updated: 11/24/2025

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ ဗြဟ္မဝိဟာရ ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၉၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာတစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-




၁။ ရောဂါကတော့ အထွေထွေလာပြတာပါ။ ဒေသခံတွေအနေနဲ့ တချို့ သက်ကြီးရွယ်အိုတွေကျတော့ ဝေးဝေးလံလံမြို့တို့ မသွားနိုင်တာမျိုးတွေ ရှိတယ်။ တချို့တချို့ကျတော့လည်း ဆေးကုသရေးမှာ နည်းနည်းအခက်အခဲတွေတော့ ရှိကြတယ်လေ။ ဒီလို နီးနီးနားနားလာကုတော့ ပိုအဆင်ပြေတာပေါ့။ ဒီမှာကတော့ ရာသီတုပ်ကွေး အဲဒါမျိုးတွေအဖြစ်များတာတော့ရှိတယ်။ သူတို့ကိုလည်း ကျေးဇူးတင်တယ်။ နောက်လည်းပဲ ဒီလို လာရောက်ပြီးတော့ ဆေးကုသပေးဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

၂။ ဒီတောင်ကလေးကပဲ ဆေးကုသမှု လာရောက်ခံယူတာပါ။ ခေါင်းတွေ ရိပ်ခနဲရိပ်ခနဲ မူးနေလို့ အဲဒါ ဝင်ပြတာ။ သွေးနည်းနည်းတိုးနေတယ်၊ စိုးရိမ်စိတ်များလို့ပေါ့။ ဒီမှာ သွေးညှိဆေးတို့၊ သွေးပေါင်ကျဆေးတို့ ပေးလိုက်တယ်။



ကျေးဇူးတွေ အများကြီးတင်ပါတယ်။ မသွားနိုင်တဲ့သူတွေလည်း ဒီမှာ လာပြလို့ရတယ်။ လာပြီးတော့ ဆေးကုသပေးတာရော အကုန်လုံးအတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

သတင်းစဉ်

## လပွတ္တာမြို့နယ်၌ Awareness Training on Food Safety Management System ( Basic Course ) သင်တန်းဖွင့်

**လပွတ္တာ နိုဝင်ဘာ ၂၅**

လပွတ္တာမြို့နယ်၌ Awareness Training on Food Safety Management System (Basic Course) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လပွတ္တာမြို့နယ် (၃)မိုင်မြို့သစ်ရှိ Texchem Marine Labutta Limited အအေးခန်းစက်ရုံ၌ ကျင်းပသည်။

လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် အအေးခန်းစက်ရုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လပွတ္တာမြို့နယ်အတွင်းရှိ အအေးခန်းစက်ရုံများရှိ လုပ်သားများအား Awareness Training on Food Safety Management System (Basic Course) သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ အအေးခန်းစက်ရုံ ငါးရုံမှ တာဝန်ရှိသူများ၊ စက်ရုံလုပ်သားများ စုစုပေါင်းအင်အား ၉၅ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကို အမျိုးသားဝန်ထမ်း ၂၈ ဦး၊ အမျိုးသမီးဝန်ထမ်း ၄၂ ဦး စုစုပေါင်း ၇၀ ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်မည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးရဲနိုင်ဝင်းက ပြေစာတံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

မြို့နယ်
(ပြန်/ဆက်)

## ဘီးလင်းမြို့နယ် ဆပ်သွားကျေးရွာ၌ မြစိမ်းရောင်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆင်အင်းကျေးရွာအုပ်စု ဆပ်သွားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး ၂၈ ဦး၊ မွေးမြူရေး ကိုးဦး၊ အရောင်းအဝယ် ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်း နှစ်ဦးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးတို့က စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၈ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၃ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းပုံစံများ၊ တစ်ဦးချင်း ချေးငွေမှတ်တမ်းများ၊ စာရင်းရေးသွင်း ဖြည့်သွင်းထားရှိမှုများ စစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘုန်းမြတ်

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**



# ကယားပြည်နယ်ဝန်ကြီးချုပ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်

**လွိုင်ကော် နိုဝင်ဘာ ၂၅**

ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လောခမ္မ၌ ကျင်းပသည်။



ပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများ စုံလင်စွာတက်ရောက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောခမ္မပန်းဖွားအကအဖွဲ့တို့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများက ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ဆုရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဉာဏစွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုနှင့် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

အခမ်းအနား ဒုတိယပိုင်းကို ပညာ့အလင်းရောင်ခန်းမ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောခမ္မ ကျောင်းသားကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် အဖွင့်သီဆို ဖျော်ဖြေသည်။

ဆက်လက်၍ ပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ၊ အမှတ်(၁)၊ အမှတ်(၅)နှင့် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့များအတွက် ဘင်ခရာပစ္စည်းများနှင့် ဝတ်စုံများ၊ ပန်းဖွားအကအဖွဲ့များအတွက် ဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆု၊ အလယ်တန်း(အထက်ဆင့်) စာစီစာကုံးပြိုင်ပွဲ ပထမဆုနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက အခြေခံပညာကျောင်းများအတွက် ဘင်ခရာပစ္စည်းများ၊ ဝတ်စုံများ၊ ပန်းဖွားဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ အခြေခံပညာ ထက်၊ လယ်၊ မူ အဆင့် ကျပန်းစကားပြော၊ စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ခေတ်ပုံပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးက ဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။







ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၀၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၅၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၁၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၃၂ ဦး၊ ခေတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ဖ၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ "ဘဝတစ်သက်တာ ကျန်းမာရေး" ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းအပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ နှာခေါင်းတွေ နံလာပြီဆိုလို့ရှိရင် နေပူထဲထွက်လို့မရဘူး။ နေပူထဲ ထွက်တာနဲ့ အဲဒီလိုအနံ့တွေ ထွက်လာရော နှာရည်တွေလည်း ယိုတာပေါ့။ နှာခေါင်းထဲထည့်တဲ့ ဆေးပေးတယ်။ သောက်ဆေးပေးတယ်။ ကောင်းသွားတယ်။ ငါးရက်စာပေးရင် သုံးရက်လောက်နဲ့ပဲ ကောင်းသွားတယ်။ သံလွင်သင်္ဘော လာတယ်ဆိုတော့ အားကိုးတာပေါ့။ကောင်းမှန်းသိလို့ လာတာပါ။

၂။ လည်ပင်းတစ်စို့စို့ဖြစ်တာ သုံးလေးရက်လောက်တစ်ခါဖြစ်တယ်။ နောက်ပြန်ပျောက်သွားလိုက် ဖြစ်လိုက်ပဲ။ ဆရာဝန်က ဆေးပေးလိုက်တယ်၊ တစ်နေ့တစ်ခါသောက်ဖြစ်တဲ့ အချိန်မှာ သောက်ပါတယ်။ အဲဒါဆို ကောင်းသွားမယ်။ အားလုံး အဆင်ပြေပါတယ်။ မိသားစုပုံစံမျိုးလည်း ဆက်ဆံတယ်။ လူအများအတွက်ကိုလာပြီး အကျိုးဆောင်ပေးတဲ့အတွက် အထူးဝမ်းသာပါတယ်။ လှိုက်လှိုက်လှဲလှဲလည်း ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲကျင်းပ



**ရွှေတောင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်၊ ရွှေတောင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ နိုဝင်ဘာ ၂၄ ရက်က အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကျင်းပသည်။(ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနမြို့နယ်အခွန် ဦးစီးဌာနမှူး ဒေါ်ကြည်ပြာခင်က အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။ ရှင်းလင်းဆွေးပွဲသို့ တက်ရောက်လာကြသူများနှင့် လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်နှင့် လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သော ရွေးကောက်ပွဲပေါ်ပေါက်ရေး”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## လင်းခေးခရိုင်၌ လူ့ကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**လင်းခေး နိုဝင်ဘာ ၂၅**

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လင်းခေးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများပူးပေါင်း၍ လူ့ကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုတိယရဲမှူးခင်ရွှေက လူ့ကုန်ကူးမှုဆိုင်ရာမှုခင်းများနှင့် ပတ်သက်သည့် ဥပဒေများအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး)က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ

**တောင်ကြီး နိုဝင်ဘာ ၂၅**

ကျောင်းသား ကျောင်းသူများ အားလုံး စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရေးအတွက် နိုဝင်ဘာ ၂၄ ရက်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)ကျောင်းများ စတင်ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။



အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)ကျောင်း၌ ပထမနှစ် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ (ဝင်ခွင့်) ၁၅၁ ဦး၊ ဒုတိယနှစ် ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ ၁၄၂ ဦး၊ တတိယနှစ် ကွန်ပျူတာ သိပ္ပံ ၁၀၀၊ တတိယနှစ်ကွန်ပျူတာ နည်းပညာ ၃၀၊ စတုတ္ထနှစ် ကွန်ပျူတာ (Junior) ၁၄၃ ဦး စတုတ္ထနှစ် ကွန်ပျူတာနည်းပညာ (Junior) ၄၃ ဦး၊ စတုတ္ထနှစ် ကွန်ပျူတာသိပ္ပံ (Senior) ၇၁ ဦး၊ စတုတ္ထနှစ် ကွန်ပျူတာနည်းပညာ (Senior) ၁၈ ဦး၊ ပဉ္စမနှစ် ကွန်ပျူတာသိပ္ပံ ၅၉ ဦး၊ ပဉ္စမနှစ် ကွန်ပျူတာနည်းပညာ ၁၆ ဦး၊ မဟာကွန်ပျူတာသိပ္ပံ သင်တန်း (CourseWork) ၂၉ ဦး၊ မဟာ ကွန်ပျူတာနည်းပညာသင်တန်း (CourseWork) ရှစ်ဦး၊ မဟာသုတသိပ္ပံ (CourseWork) ခြောက်ဦး၊ မဟာကွန်ပျူတာသိပ္ပံ သင်တန်း (Thesis) ၁၀ ဦး၊ မဟာကွန်ပျူတာ နည်းပညာသင်တန်း (Thesis) လေးဦး စုစုပေါင်း ၈၄၅ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## သရက်ချောင်းမြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သရက်ချောင်း နိုဝင်ဘာ ၂၅**

သရက်ချောင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက (အထက)သရက်ချောင်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်တာဝန်ခံ တောအုပ်ဦးသက်နိုင်ဦးက သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မီးခိုး/မြူငွေ့ဖြစ်ပေါ်လာပုံနှင့် အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးဆေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်ထက်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများနှင့် ဗီဒီယိုကလစ်ကို ပြသပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက စာဖတ်ခြင်း အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ပူတာအိုမြို့၌ ခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၉)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပူတာအို နိုဝင်ဘာ ၂၅**

ပူတာအိုမြို့၌ ခရိုင်ပညာရေး ကော်မတီဥက္ကဋ္ဌဖလား အသက် (၁၉) နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ပူတာအိုမြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဗိုလ်လုပွဲတွင် အထက (ပူတာအို)ဘောလုံးအသင်းနှင့် အထက (ဆန်ဂေါ်) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(ပူတာအို) ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ ရှေ့တန်းအကောင်းဆုံး ကစားသမားဆု၊အလယ်တန်း အကောင်းဆုံး ကစားသမားဆု၊ ဂိုးသမား အကောင်းဆုံးဆု၊ တတိယဆုနှင့် တစ်ဦးချင်း လည်ဆွဲတံဆိပ်များ၊ ဒုတိယဆု၊ ပထမဆု၊ ဆုဖလား ဆွတ်ခူးရရှိသော အထက(ပူတာအို) ဘောလုံးအသင်းအား ဆုဖလားနှင့်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဖုန်ကန်(ပူတာအို)**



မချမ်းဘောမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်ကပ်ထားကြေညာလျက်ရှိရာ သွားရောက်ကြည့်ရှုနိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတူးဂျာနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နမ်ခမ်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက နမ်ခမ်ကျေးရွာခန်းမ၌ နိုဝင်ဘာ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ ယောရွှေနီ(မချမ်းဘော)

## တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့က ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် နွယ်ရစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့၌ ကျင်းပသည်။



ဦးစွာ ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပရာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသူ လေးဦးက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်အားမာန်၊ လူငယ်နှင့်စာဖတ်ခြင်းအလေ့ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြီး ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နွယ်ရစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## သာစည်မြို့နယ် အထက(ခွဲ)ရွာကြီး၌ လူငယ်ရေးရာ၊ ဥပဒေရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကျင်းပ



**သာစည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများရရှိစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံပြီး လူအများရှေ့၌ စကားပြောဆိုရာတွင် ရဲဝံ့စွာ ပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်ရေးရာ၊ ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ရွာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပိတောက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကိုပြုလုပ်ရာ ကျောင်းအုပ်ကြီး ဒေါ်မျိုးသီတာအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုးမင်းသူနှင့် ဦးကျော်ကျော်အောင်တို့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့် ကျောင်းသားလူငယ်များ သိသင့်သည့် ဥပဒေရေးရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍လူငယ်စကားဝိုင်းကိုစတင်ရာ Grade-10 မှ ကျောင်းသား ကျောင်းသူလေးဦးတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် ရန်ကြီးအောင်လမ်းပေါ်၌ စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ ဆန်းလင်း(ခ) ဒေါက်ဆန်း(၆၀)နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားသည့် လှုံ့ဆော်စာများနှင့် ဓာတ်ပုံများအား Tiktok လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆန်းလင်း(ခ) ဒေါက်ဆန်းအား နိုဝင်ဘာ ၁၇ ရက်တွင် ရွှေဘိုမြို့မရဲစခန်း(ပ)၃၃၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် သီရိလမ်း ကမော့ကစင်ရွာသစ်ဘုန်းကြီးကျောင်းမုခ်ဦးအနီး စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခြင်းခံထားရကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခဲ့သည့် အမှတ်(၉)ရပ်ကွက်နေ ထက်နေလင်း(၂၇)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ထက်နေလင်းအား ဘားအံမြို့မရဲစခန်း (ပ)၁၃၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၃/ခ)ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း (၅၄) နှစ်သည် ၎င်းအသုံးပြုသည့် “ Cho Cho Win” Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေခဲ့သဖြင့် ချိုချိုဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၃၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သောင်းနှင့် အဖွဲ့သည် အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်ရေးမဲစာရင်းများအား ကြေညာထားရှိကြောင်း ရပ်ကွက်အတွင်း လှည့်လည်အသိပေးနှိုးဆော်နေစဉ် အဆိုပါရပ်ကွက်နေ နေမျိုးအောင်(၄၉)နှစ်က နှောင့်ယှက်ဟန့်တားကာ ဆဲဆိုခဲ့သဖြင့် နေမျိုးအောင် အား နိုဝင်ဘာ ၂၂ ရက်တွင် လှော်ကားနယ်မြေရဲစခန်း (ပ)၂၇၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ်(၈)ရပ်ကွက် ကျိုက်ပွန်စေတီတော်မုခ်ဦးအနီး ပဲခူး-ရန်ကုန်ကားလမ်းမကြီးဘေး၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား အမျိုးသား နှစ်ဦးက တွန်းလှဲဖျက်ဆီးခဲ့ကြောင်းသတင်းအရ ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးသွားသူများဖြစ်ကြသည့် ဥဿာမြို့သစ်(၇)ရပ်ကွက်နေသူများဖြစ်သော ဦးပြား(၄၆)နှစ်နှင့် ဦးကျော်ငွေဇင်(၃၈)နှစ်တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း (ပ)၁၉၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ကားလမ်းပေါ်၌ ကျော်ကျော်(ခ)ညီညီ(၃၁)နှစ် ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများက “ရွေးကောက်ပွဲကိုဆန့်ကျင်ကြ” ဆိုသည့် စာသားများရေးသားခဲ့သဖြင့် ကျော်ကျော် (ခ) ညီညီ ဦးဆောင်သည့် အကြမ်းဖက်သမားများအား နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သရက်ချောင်းမြို့မရဲစခန်း(ပ)၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/ ၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဦးဇော်ဝေ(၅၀)နှစ်သည် ၎င်းအသုံးပြုသည့် Zaw Wai Facebook Account ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများအားအသုံးပြုကာ ပြည်ခိုင်ဖြိုးပါတီအား အများပြည်သူအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာပေါ်၌ မဟုတ်မမှန် ရေးသားလွှင့်တင်ခဲ့သဖြင့် ဇော်ဝေအား နိုဝင်ဘာလ ၁၇ ရက်တွင် တွံတေးမြို့မရဲစခန်း (ပ)၂၀၈/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ မဲတောကျေးရွာ၊ အုတ်ဖိုမော်ကျေးရွာ၊ စန္ဒားငယ်ကျေးရွာ၊ ချောင်းကြီးဝကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များထံသို့ သိန်းဇော်မင်း (၅၀) နှစ်ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာများပေးပို့ခဲ့သဖြင့် သိန်းဇော်မင်းပါ PDF အမည်ခံအကြမ်းဖက်သမား ၅၀ အား နိုဝင်ဘာ ၁၉ ရက်တွင် ကံမော်နယ်မြေရဲစခန်း(ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)/၂၄(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်မေတ္တာလမ်းနှင့် လှိုင်ဘူတာရုံလမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ရှေ့ဆောင်ပါတီ “PPP” ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၁၇ ရက်တွင် လှိုင်မြို့မရဲစခန်း(ပ)၂၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီကော်မတီဝင် ဒေါ်ခက်ခက်ကို (၅၃)နှစ်သည် မြဝတီမြို့အတွင်း စိုက်ထူထားသည့် ပါတီအောင်နိုင်ရေး မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်များအား လိုက်လံကြည့်ရှုခဲ့ရာ အမှတ်(၄) ရပ်ကွက် မိဋ္ဌာန်အောင်ဘုရားပတ်လမ်းနှင့် တောင်တန်းလမ်းထောင့်၌ စိုက်ထူထားသည့် မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်မှာ ဖျက်ဆီးခံထားရသည်ကိုတွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင် မြဝတီမြို့မရဲစခန်း(ပ)၂၆၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ၇၆ လမ်း၊ ၁ လမ်းနှင့် ၂ လမ်းကြား၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးထားသည်ကိုတွေ့ရှိရသဖြင့် ဆုတ်ဖြဲ ဖျက်ဆီးသူ(စုံစမ်းဆဲ)အား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း(ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက် ဝေဟင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် မီးရှို့ဖျက်ဆီးသူ(စိစစ်ဆဲ)အား ဝေဘာဂီနယ်မြေရဲစခန်း(ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဘုတ်ခြံကျေးရွာ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင် ပုလောမြို့မရဲစခန်း (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြုံးချောင်း ကျေးရွာဘုရားဝင်းအတွင်းရှိ သစ်ပင်များ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် လှုံ့ဆော်စာများ ကပ်ထားသည်ကို တွေ့ရှိရသဖြင့် လှုံ့ဆော်စာများကပ်ခဲ့သူ(စိစစ်ဆဲ)အား တောင်ငူမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း (ပ)၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က)ရပ်ကွက်နေ ဇေယျာမင်းထက်သည် ၎င်းအသုံးပြုသည့် Zay Yar Min Htet Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် စာများအား ထပ်ဆင့်လွှင့်တင်ထားသည်ကိုတွေ့ရှိရသဖြင့် ဇေယျာမင်းထက်အား သုဝဏ္ဏနယ်မြေရဲစခန်း(ပ)၂၂၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၃ ရက်တွင် “လူထုသတင်းစာတိုက်” Facebook Account မှ ပြင်ဦးလွင်မြို့နယ်၌ ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးဟောပြောနေသည့် မှတ်တမ်းဓာတ်ပုံများအသုံးပြု၍ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသည့် စာသားများအား လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားဖြန့်ဝေခဲ့သဖြင့် “လူထုသတင်းစာတိုက်” Facebook Account ပိုင်ရှင်(စိစစ်ဆဲ)အား ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၂၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ရီးရဲ(လ်)စတား အာရှအထည်ချုပ်စက်ရုံ၌ နိုဝင်ဘာ ၂၁ ရက်က မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများနှင့်အတူ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြစဉ်။ သန်းသန်းအေး(ဒဂုံတောင်)

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## စက်ရုံငှားရန်ရှိသည်။

1. မှော်ဘီမြို့နယ်၊ လိပ္ပတ္တကျေးရွာ အမှတ်(၄)လမ်းပေါ် (170,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး
2. ပဲခူးစက်မှုဇုန်အတွင်းရှိ (145,000 sq-ft)အကျယ်ရှိသော စက်ရုံ(၁)လုံး
3. ပဲခူးစက်မှုဇုန်အတွင်းရှိ (200,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံးနှင့်
4. ပဲခူးစက်မှုဇုန်အတွင်းရှိ (80,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး၊

ဆက်သွယ်ရန် - Viber-09-5504623,Phone-09-785504623

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၄ယ/၉၂၀၉, HONDA Click - 125 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လှ ၅/တဆန(နိုင်) ၀၅၇၂၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ရွှေဘို)၊
ရွှေဘိုမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/27214 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းထွေး ၇/ထတပ(နိုင်)၀၅၂၄၈၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(တောင်ငူ)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 75W/88848, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လတ် (၂/လကန(နိုင်) ၀၅၅၇၅၁)က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ လှိုင်ကော်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၆)၊ အကွက်အမှတ် (မန်ဆူ အဆင့်-၆)၊ ဦးပိုင်(၇၁၁)၊ ဧရိယာ(၀.၀၉၆)ဧက၊ အမှုတွဲအမှတ် ၄၁၈-၅/၂၀၀၇-၂၀၀၈(အေ)၊ ဒေါ်ကင်းလန် ၁၃/လရန(နိုင်) ၀၅၇၅၅၆ အမည်ပေါက် မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးရန်ယောက်စိန်းထံမှ အိမ်မြေကွက် အရောင်းအဝယ်စာချုပ် အမှတ် (၂၃၂၊/၂၀၂၃)ဖြင့် ဦးရန်ယောက်ချင်း ၁၃/တယန(နိုင်) ၀၂၆၃၉၉ မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါ၍ ဦးရန်ယောက်ချင်း အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းကျေးရွာ အုပ်စုနေ ဒေါ်မာမာအေး ၈/စလန(နိုင်)၀၀၁၄၄၅၏ ဖခင်အမည်မှန်မှာ ဦးမြချော ၈/စလန(နိုင်)၀၂၀၆၂၅ ဖြစ်ပါကြောင်း။

## အလိမ္မာ စာမှာရှိ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုထားသော 230 kV Shunt Capacitor များတွင် အသုံးပြုရန်အတွက် လိုအပ်သော Capacitor Unit များဝယ်ယူရန် တင်ဒါအမှတ် 85(T)/DPTSC(PSD)/2025-2026 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၈-၁၂-၂၀၂၅ရက်၊ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၁၈

| | | |
|---|---|---|
| ၁။ ဒေါ်သီတာလှိုင် | နှင့် | ၁။ ဦးအောင်ကြူနိုင် |
| ၂။ ဒေါ်မော်နီကာ | | ၂။ ဒေါ်ခင်ဖြူထွန်း |
| | | ၃။ ဒေါ်အေသွင်ဦး |
| (လျှောက်ထားသူများ) | | (လျှောက်ထားခံရသူများ) |

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ရက်စွဲပါ ကော့သောင်းခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၃/၂၀၂၅အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဆိုင်ခန်းအမှတ်(၇)နေ ပြင်ဆင်မှု လျှောက်ထားခံရသူ အမှတ်(၂)ဒေါ်ခင်ဖြူထွန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ကော့သောင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူများမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာထွေး)
လက်ထောက်ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဇီဇဝါလမ်း၊ ကွင်းအမှတ် ၂၊ အကွက်အမည် ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် ၃၂၁ ဧရိယာ (၀.၀၅၇၂)ဧကအား ဦးမောင်ကျော်သူ အမည်ဖြင့် မြေငှားစာချုပ်အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ဇီဇဝါလမ်း |
| အနောက်လားသော် | - | ဦးပိုင်အမှတ်-၃၂၀ |
| တောင်လားသော် | - | မြို့ပတ်လမ်း |
| မြောက်လားသော် | - | ဦးပိုင်အမှတ် -၃၂၁က |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါ သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဒိုက်ဦးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း


ယာဉ်အမှတ် 6C/9680. Mitsubishi PajeroV 78, S/W(4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၉/မနတ (နိုင်) ၀၉၈၀၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/29449, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမျိုးဦး ၉/မခန(နိုင်)၃၀၉၄၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့




## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၁၁၀၆)ဟုခေါ်တွင်သော မြေအလျားx အနံ(၄၀x၆၀)ပေရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ထွန်း (WAW-၀၉၅၈၈၇)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်နိုင်ထွန်း (၁၂/ဒဂတ(နိုင်)၁၂၉၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၁၆၈)ဟုခေါ်တွင်သော မြေအလျားx အနံ(၄၀x၆၀)ပေရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ရှိန် (၁၂/ဒဂန(နိုင်)၀၁၀၃၆၀)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွေးမောင်မောင် (၁၂/ဒဂန(နိုင်)၀၂၈၃၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် မြေချပါမစ်မူရင်း၊ အခြားဆက်စပ်စာချုပ်စာတမ်းနှင့်စာရွက်စာတမ်းများကို လက်ရောက်၊ လက်ခံလွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့်စီမံခန့်ခွဲခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာ၊ ၁၀၁၆A/က၊ ကွင်းအမည် ဝီစဲကွင်း၊ ဦးပိုင်အမှတ်-N/၇၉/၂၊ အိမ်အမှတ်- သငခ/၁၁၉၊ ဒေါ်မေသူသူမြင့်အောင်-အမည်ပေါက်၊ ဧရိယာအလျား (၅၀ပေ)x အနံ(၆၀ပေ) မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်း အဆိုပြုလာသူ ဒေါ်မေသူသူမြင့်အောင်(၁၂/သဃက(နိုင်)၁၉၁၄၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမျိုး(၇/ဥကမ(နိုင်)၂၉၁၅၂၀)က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)တရားလွှတ်တော်ရှေ့နေ
ဈ/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၆၇၁၈၈၅၆၉

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၂၁/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၂၁/က)၊ သရေခေတ္တရာလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်တို့အား ဂရန်အမည်ပေါက်ထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်သန်းသန်းဆွေ ၁၂/ဥကတ(နိုင်)၀၇၃၈၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ကြည်ကြည်ဖံ ၁၁/ကတန(နိုင်)၀၀၀၉၇၅ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်၊ ခြံ၊ မြေတို့နှင့် ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင် လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်းတောင်၊ အမှတ်(၃၁၉)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၁ ပေ x အနံ ၃၂ ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးလှသိန်း ၁၂/လမန(နိုင်)၀၅၃၂၀၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ပေးအပ်ထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖြိုးသက်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၆၁၃)**
**အမှတ်(၂၃)၊ ဝါဝါဝင်းလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၀၂၅၉၁၆၇၄**

## ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၁၁)၊ [အရာခံဗိုလ်ချစ်စိန် (၁၀/သဖရ(နိုင်)၀၃၅၄၁၈) အမည်ပေါက်] မြေအလျား x အနံ ပေ(၆၀ x ၆၀)ရှိ မြေချပါမစ်မြေကွက်အား မူလအမည်ပေါက်ခင်ပွန်း ဦးချစ်စိန်ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဇနီးဖြစ်သည့် ဒေါ်ခင်မာလာ ၁၀/သဖရ(နိုင်)၀၃၅၄၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးချိုခင် ၁၂/ဒဂဆ(ပြု)၀၀၀၀၀၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဝင်းဟန်(LL.B) အထက်တန်းရှေ့နေ(စဉ်–၃၂၉၆၃) ဖုန်း–၀၉–၄၀၁၅၃၄၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၄)၊ မြေကွက်အမှတ် (၆၀၄)ပေါ်၌ ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၄)ထပ်တိုက်မှ တတိယထပ်(၄လွှာ)၊ တိုက်ဘက်သို့ မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်းရှိအခန်း)၊အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ) ရှိသည့် တိုက်ခန်း၊ ရေ(ကိုယ်ပိုင်မော်တာ)၊ မီး(ကိုယ်ပိုင်မီတာ)နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိအိဖြိုး ၁၂/ရပသ(နိုင်)၁၀၀၀၈၇ သည် လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်ချစ် ၁၂/ဒဂမ(နိုင်)၀၁၃၇၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သဉ္ဇာဝင်း(LL.B,D.B.L)** | **ဒေါ်ခင်မြတ်နိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၆၃၅၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၉၆၇)** |

**အမှတ်–စီ/၅၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉ –၄၂၁၆၅၉၂၄၄၊ ၀၉ –၉၅၉၀၀၄၉၈၈၊ ၀၉ –၉၅၅၆၂၉၁၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ တိုက်အမှတ် (၉၉)၊ တတိယထပ် အလျား ၂၃ပေ အနံ ၅၀ပေရှိတိုက်ခန်းနှင့် တကွယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ပိုင်ရှင်ဖြစ်သူ ဒေါ်ထွေးစုစုစံ ၁၂/သဃက(နိုင်)၁၇၅၀၄၉ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာကြေညာပါရှိသည့်ရက်မှ ရက်ပေါင်း(၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားအောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇင်မင်းထက်(LL.B)** | **ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၄၃၆၈)** | **(စဉ်–၁၇၃၈၁)** |

**အမှတ် (၃၈၈/၃၉၈)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း –၀၉–၉၅၆၆၆၃၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တတိယအကြိမ် Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၂၅–၂၀၂၆ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သော တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်တံတားအမှတ်(၁) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် အသုံးပြုရန် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ သည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် (၂၈–၁၁–၂၀၂၅) ရက်မှစ၍ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်းဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၂၄၈၆၀၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | – | ၂၈ – ၁၁ –၂၀၂၅ ရက် |
| **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | – | ၁၂–၁၂–၂၀၂၅ ရက် |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန်** | – | ၁၅–၁၂–၂၀၂၅ ရက်၊ တနင်္လာနေ့၊ နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** | – | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |

**တင်ဒါကော်မတီ**

## မယဉ်လဲ့လဲ့ထွန်း(၅/ဒပယ(နိုင်)၁၁၅၅၁၇)အား ညီအစ်မအဖြစ် သက်ဆိုင်ခြင်းမရှိပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(တ/၁၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၅၂၆/က)နေ မဇွန်ပွင့်ဖြူ ၁၂/ရပသ(နိုင်)၁၁၂၀၆၂ နှင့် မသင်းသင်းထက် ၁၂/ရပသ(နိုင်)၁၄၂၂၇၃ တို့၏အစ်မဖြစ်သူ မယဉ်လဲ့လဲ့ထွန်း ၅/ဒပယ(နိုင်)၁၁၅၅၁၇ သည်ညီမလေးများ အားစိတ်ဆင်းရဲစေရန် အမြဲတစေပြုမူဆောင်ရွက်နေသည့်အပြင်မိဘနှင့်ညီမများ၏ဂုဏ်သိက္ခာအား ကျဆင်းစေရန် ပြုမူဆောင်ရွက်ခဲ့ပြီး နေအိမ်ပေါ်မှအပြီးအပိုင်ထွက်သွားခဲ့သည့်အတွက် ညီအစ်မအဖြစ်လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် မယဉ်လဲ့လဲ့ထွန်း၏ ငွေကြေးကိစ္စများနှင့်တကွ ၎င်း၏ဆောင်ရွက်မှုမှန်သမျှကို ညီမများမှလုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် တောင်းပန်အပ်ပါသည်။

**မဇွန်ပွင့်ဖြူမသင်းသင်းထက်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးနွယ်(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်– ၁၄၇၅၃)**
**ဖုန်း –၀၉ –၄၂၀၂၉၉၀၀၀**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးလွင်ဦး(ခ)ဦးစိုးလွင် (ဘ)ဦးတင်အေး ၁၂/မရက(နိုင်)၀၄၅၀၉၇ သည်အိမ်ထောင်စုလူဦးရေစာရင်း၊ ဘွဲ့လက်မှတ်၊ ဝန်ထမ်းအမည်တို့တွင်ဦးစိုးလွင်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးစိုးလွင်ဦးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးစိုးလွင်ဦး(ခ)ဦးစိုးလွင်၏ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုးလွင်ဦး(ခ)ဦးစိုးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သက်သက်ဇဉ်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၇၉)**
**အမှတ်၂၁/ခ၊ ခေမာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၉၇၅၆၉၄၁၅၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံလမ်း၊ အမှတ်(၂၄)၊ (၄)ထပ်၊ (၄)လွှာ (၈)ခန်းအနက်မှ (ဘီ–၁)၊ မြေညီထပ် (ခေါင်းရင်းဘက်)အခန်းအား ဦးဂျိုးဇက်ဗွီသောင်း ၁၂/သကတ(နိုင်)၀၉၂၆၉၁မှ ပိုင်ဆိုင်ပြီး မြေညီထပ် (ခေါင်းရင်းဘက်)၏အပေါ် အခန်းဖြစ်သည့် (ပထမထပ်) (ဘီ–၂) အခန်းအား မောင်ကူးဘတ်(ဘ)ဦးရေမွန်မာကိုစ်သောင်း ၁၂/သကတ(နိုင်)၁၄၃၉၄၂ တို့မှ လက်ရှိပိုင်ဆိုင်နေထိုင်သည့် အခန်းများဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ကူးဘတ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါ(LL.B) (စဉ်–၃၄၆၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၄၆)၊ ဒုတိယထပ်၊ (၃)လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၁၇၂၉၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့်လင့်လမ်း၊ အမှတ်–၄၅၆ (က/ခ) Golden Link Condo Building (C)၊ Level–2၊ အခန်းအမှတ်(408–A) အကျယ်အဝန်း(1100)စတုရန်းပေရှိကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့် တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကောင်းကောင်း ၁၂/လမန(နိုင်)၁၅၃၇၀၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးကျော့ဆွေ (LL.B.)** | **ဒေါ်သက်ဆုလွင်မောင်(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၇၉၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၆၆၄)** |

**အမှတ်(၅၆၅/၅၆၇)၊ အခန်းအမှတ်(၆၀၃)၊ MACTower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၇၉၉၉၃၄၃၅၃ ၊ ၀၉–၇၈၅၀၀၉၈၉၃**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၇/၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 54R–R(LPT))/MPE–Mann/ 2025–2026 | UV Spectrophotometer | 1 No. |
| (ခ) | 58R(LPT) /MPE–HQ/ 2025–2026 | Floor Stand Air Conditioner(3 HP) & (5 HP) | 3 Nos.& 8 Nos. |
| (ဂ) | 32R–R[3](LPT/MPE–F5/ 2025–2026 | Demineralized Water Pump (P 5402 A/B) | 1 Set |
| (ဃ) | အဆိုပြုလွှာ (၁၉ စောင်) | | |

Positioner ၊ Level Transmitter ၊ Vibration Module ၊ AI (Analog Input) Module ၊ Vibration Sensor ၊ Temperature Sensor ၊ RPM Indicator ၊ Intelligent DC Power Supply ၊ Flow Transmitter ၊ Screw Filter Nozzle ၊ Ref 542 Plus Base Unit ၊ Pressure Transmitter

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၆–၁၁–၂၀၂၅ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာများကို အောက်ဖော်ပြပါတင်ဒါပိတ်သည့်နေ့များတွင် (၁၁:၀၀) နာရီမှ (၁၂:၀၀) နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်–

(က) အမှတ်စဉ် (က) မှ (ဂ) ထိ အိတ်ဖွင့်တင်ဒါ – ၃–၁၂–၂၀၂၅ရက်
(ခ) အမှတ်စဉ် (ဃ) အဆိုပြုလွှာ (၁၉ စောင်) – ၁၀.၁၂–၂၀၂၅ရက်

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း–၀၉–၉၆၃၁၄၅၉၈၈၊ ၀၉–၄၂၀၂၄၁၄၅၃,**
**၀၉–၄၀၁၅၄၆၇၇၀၊ ၀၉–၂၆၄၉၉၂၂၀၉**

## အသိပေးကြေညာခြင်း

ကျွန်တော်များ Htun Zan Kyaw Family Logistics Co., Ltd အားအကြောင်းကြောင်းကြောင့် ဖျက်သိမ်းတော့မည်ဖြစ်ပါသဖြင့် Htun Zan Kyaw Family Logistics Co., Ltd နှင့် ချုပ်ဆိုထားသော လုပ်ငန်းစာချုပ်အားလုံးကို IKON MYAWADDY LOGISTICS CO., LTD မှ ဆက်လက်ဆောင်ရွက်တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်းကို မိတ်ဖက်ကုမ္ပဏီများအား လေးစားစွာ အကြောင်းကြားအပ်ပါသည်။

**IKON MYAWADDY LOGISTICS CO., LTD**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကုလားကြီးကုန်းကျေးရွာ၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရှိ " မြိုင် " Food Blogger လုပ်ငန်းများကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter Head, E–mail, Internet, Website, Logo, Invitation Letter, Social Media, Facebook, Tiktok, Telegram, Youtube, Viber တို့တွင် အမှတ်တံဆိပ်အဖြစ်အသုံးပြုပြီး ဒေါ်ခင်သီတာမြိုင် ၁၂/မဘန(နိုင်)၁၃၆၀၂၄ က အောက်ပါကုန်အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၄/၉၂၁၆ ဖြင့် ၁၆–၁၀–၂၀၂၅ ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်–

အထက်ပါကုန်အမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော "မြိုင် " Food Blogger လုပ်ငန်းများကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter Head, E–mail, Internet, Website, Logo, Invitation Letter, Social Media, Facebook, Tiktok, Telegram, Youtube, Viber တို့တွင် သုံးစွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး တင်ပို့ရောင်းချလုပ်ကိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲနှင့် ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်း မပြုကြပါရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးဇေယျာအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၂၅)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၆၃၇၇၄၃၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ သင်္ဂတုံကျေးရွာအုပ်စု၊ အကွက်အမှတ်(၇၆) ကွင်းအမည်(ကောက်ရိုးပုံကွင်း)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၂ ဒသမ ၁၁ဧကေ၊ ဦးပိုင်အမှတ်(၂/၂)၊ ဧရိယာ ၀ ဒသမ ၂၅ဧကနှင့် ဦးပိုင် အမှတ်(၃/၂)၊ ဧရိယာ ၀ ဒသမ ၆၁ဧက ဦးအောင်မျိုးမင်း ၁၂/ဒဂန(နိုင်)၀၃၀၃၆၇ (ဘ) ဦးသန်းဝင်း အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသောင်းနိုင် ၉/အမရ(နိုင်)၀၉၆၄၂၆ (ဘ) ဦးကံမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ပြုံးပြုံးရင်** | **ဦးသက်ဆွေမိုး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၅၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၉၈)** |

**၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း–၀၉–၉၇၆၆၆၁၂၃၄၊ ၀၉–၄၄၀၂၂၆၄၆၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဆူးတပ်ကြီးကျေးရွာအုပ်စု၊ ပန်းတောကျေးရွာ၊ အလက၊ ပန်းတော(ရ)ကျောင်း၊ Grade–9 မှ မအေးယုမွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၈/မသန(နိုင်)၀၃၄၇၇၉ ဖြစ်ပါကြောင်း။

**ဦးဝင်း**

## အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အမက (၁၄လမ်း)၊ (Grade–5)မှ (ဘ)ဦးသိန်းလွင် ၁၄/မမက(နိုင်)၀၃၀၆၄၂ ၏ သမီး မအေးမြတ်စံအား ယနေ့မှစ၍ မထက်နဒီလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်နဒီလွင်**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကြည်မြင့်၏သားဦးဇင်မင်းဦး ၁၂/ဒပန(နိုင်)၀၄၃၆၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (A–085132)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၄၀၂၁၁၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/98795 New Aibo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလှိုင်မြင့် ၅/ဝလန(နိုင်)၁၃၀၇၉၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၄၅၆၆ Yamahaxc 115 ယာဉ်လက်ဝယ်ရှိသူ ဦးမော်မင်းဦး ၉/သပက(နိုင်)၀၄၆၁၆၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

### ကြော်ငြာစာအမှတ်( ၁/၂၀၂၅)

### ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း၊ ဒု-ဦးစီးမှူး အဆင့်ရာထူး(၄)မျိုးမှ အောက်ဖော်ပြပါ(၂၉) နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | ဒု-ဦးစီးမှူး(မြို့ပြ) | M.E/B.E/B.Tech/AGTI(Civil) | ကျား-၁၀<br>မ-၁၀ |
| ( ခ ) | ဒု-ဦးစီးမှူး(ဘူမိ) | B.Sc(Geology) | ကျား-၂ |
| ( ဂ ) | ဒု-ဦးစီးမှူး(မိုင်း) | M.E/B.E/B.Tech/<br>AGTI(Mining) | ကျား-၂ |
| (ဃ) | ကွန်ပျူတာ<br>လုပ်ဆောင်ရေးမှူး | B.C.Sc/B.C.Tech | ကျား/မ-၅ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၁-၁၂-၂၀၂၅) ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက်မကြီးသူဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးငွေကျပ် (၃၀၀၀) (ကျပ်သုံးထောင်တိတိ) ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်(MD-010345)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်လျှောက်လွှာနှင့်စည်းကမ်းချက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲတွင် စာမေးပွဲဝင်ကြေး (၃၀၀၀) ပေးသွင်းသည့်ချလန်မူရင်းပြသ၍ (၂၆-၁၁-၂၀၂၅) ရက်နေ့မှ (၁၂-၁၂-၂၀၂၅) ရက်နေ့ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာထုတ်ယူသည့်နေရာ၌ (၁၅-၁၂-၂၀၂၅) ရက်နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ လျှောက်လွှာများကိုတင်သွင်းရမည်။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြ ရမည်ဖြစ်ပါသည်-

(က) ဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း

( ခ ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်မိတ္တူ (၁) စောင် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (၁) စောင် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) အမျိုးသားမှတ်ပုံတင်မိတ္တူ (၁) စောင်

( င ) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၁)ပုံကပ်ပြီး အပို ( ၂)ပုံ၊(နောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ဖြေဆိုခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်း ကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း STEAMS-1 ဘာသာတွဲ သင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်း မရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

(ဃ) ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 ဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာ စုစုပေါင်းရမှတ်(၄၅၀)နှင့် အထက်ရရှိသူဖြစ်ရမည်။အဆိုပါ(၆)ဘာသာစုစုပေါင်းရမှတ် (၄၅၀)နှင့်အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (၃)ဘာသာပေါင်းရမှတ် (အများ/အနည်း)ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(င) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေး ဝန်ကြီးဌာန၏ Facebook Page ၊ Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန၏ Website www.hrh.gov.mm တို့တွင် ကြေညာမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက် (**မပျက်မကွက်**) လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီဝင်ရောက်ဖြေဆိုခြင်းမရှိသူများအား (၃)ဘာသာပေါင်းရမှတ် မည်မျှပင်ရရှိစေကာမူ လုံးဝ(**လုံးဝ**) လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာပေါင်းရမှတ်နှင့် လူတွေ့နှုတ်မေး စာမေးပွဲ ဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍ အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့်ပြုမည်။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြား အကြောင်းကြား ပေးမည်မဟုတ်ပါ။

(ဈ) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုရန် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(ည) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန် သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် (**မပျက်မကွက်**)တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်။

(ဋ) ကတိခံဝန်ချက်စာချုပ်ပါ ကတိပြုချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပျက်ကွက်ပါက သို့မဟုတ် တာဝန် ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ(၆၀,၀၀၀,၀၀၀/-) (ကျပ်သိန်းခြောက်ရာတိတိ)ကို ပေးလျော်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်းကိုလည်း ခံရမည်ဖြစ်ပါ သည်။ ထို့အပြင် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ) ထုတ်ပေးမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည် -

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (**မူရင်း**)(၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံ ပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက် (**မူရင်း**)

(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသ အာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် (**မပျက်မကွက်**) တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်း အဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်း အဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ ဥက္ကဋ္ဌ (သို့မဟုတ်)သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။**

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **(၁၈-၁၂-၂၀၂၅)ရက် နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည် ဖြစ်သည်။

၆။ **လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများ၊ ပြည့်စုံစွာဖော်ပြထားခြင်း မရှိသောလျှောက်လွှာများနှင့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။
**(တက္ကသိုလ်ပြောင်းရွှေ့ပညာ သင်ကြားခွင့်အား လုံးဝ(လုံးဝ)ခွင့်ပြုမည်မဟုတ်ပါ)**

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၁၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
## (၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည် (မြန်မာ) ------------------------------------ ကျား ☐ မ ☐
(အင်္ဂလိပ်)------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်) ------------------------------------

၄။ လူမျိုး ------------------------------ ကိုးကွယ်သည့်ဘာသာ ------------------------------

၅။ ဖခင်အမည် ------------------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------
အလုပ်အကိုင် ------------------------------------

၆။ မိခင်အမည် ------------------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------
အလုပ်အကိုင် ------------------------------------

၇။ GRADE-10 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း------------------------
--------------------မြို့--------------------မြို့နယ်-------------------- ပြည်နယ်/တိုင်းဒေသကြီး

၈။ GRADE-11 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း------------------------
--------------------မြို့--------------------မြို့နယ် -------------------- ပြည်နယ်/တိုင်းဒေသကြီး

၉။ တက္ကသိုလ်ဝင်စာမေးပွဲ (GRADE-12)အောင်မြင်သည့်ခုနှစ်---------------ခုံအမှတ်---------------
(၆)ဘာသာစုစုပေါင်းရမှတ်------------၊ (၃)ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)------------
အောင်မြင်သည့်စာစစ်ဌာန ------------------------------------၊
--------------------မြို့၊--------------------မြို့နယ်--------------------ပြည်နယ်/တိုင်းဒေသကြီး

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်------------------------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ ------------------------------------
------------------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် ------------------------------------
------------------------------------

၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ---------------------- ----------------------
**ဝင်ခွင့်လျှောက်ထားသူလက်မှတ်**

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ ----------------------
----------------------
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော Information, Education and Communication Materials (Leaflets, Poster, Flip Chart & Books) ပစ္စည်းများ အမြန်ဝယ်ယူရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့်ရက်နှင့်အချိန်** - ၂၆-၁၁-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂-၁၂-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)
အမှတ်(၄၂)၊ စတုတ္ထအထပ်၊
ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၃၉၂၈ ~ ၃၀ (လိုင်းခွဲ-၁၁၉)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အချက်အလက်အားသိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## ကုမ္ပဏီအမှတ်တံဆိပ်သတိပေးကြေညာခြင်း

အမှတ်(၈၂)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ MOË SET JEWELS FOR EVERY NEW BEGINNING (ကျောက်မျက်ရတနာဆိုင်)များကိုကုမ္ပဏီ၏ ကိုယ်ပိုင်အမှတ် တံဆိပ်အဖြစ်အသုံးပြုပြီး TRIBE COMPANY LIMITED မှ ဝန်ထမ်းဖြစ်သူ ဒေါ်သဥ္ဇာအောင် ၁၂/တမန(နိုင်)၁၁၂၆၅၇က အောက်ပါကုမ္ပဏီအမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-၄/၉၂၉၂ဖြင့် ၁၇-၁၀-၂၀၂၅ရက်၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

အထက်ပါကုမ္ပဏီအမှတ်တံဆိပ်ကိုမိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော MOË SET JEWELS FOR EVERY NEW BEGINNING(ကျောက်မျက်ရတနာဆိုင်)များကို ကုမ္ပဏီ၏ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ်အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းလုပ်ကိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယင်းကုမ္ပဏီအမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲနှင့် ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်းမပြုကြပါရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးဇေယျာအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၀၂၅)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၃၇၇၄၃၈၀**

---

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ (၈/မြောက်) ရပ်ကွက်၊ ရောဝဏ် လမ်း၊ မြခွါညိုအိမ်ရာ စီမံကိန်း၊ ပုလဲတိုက်၊ အခန်းအမှတ်(၀၀၁)၊ မြေညီထပ် ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၄၀)ရှိ တိုက်ခန်း(အိမ်ရာ)နှင့်ပတ်သက်၍**
**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်လိပ်စာပါတိုက်ခန်း(အိမ်ရာ)ကို (Owner Book) အမည်ပေါက်ဒေါ်တင်တင်ထွေး ၁၂/သကတ(နိုင်)၀၇၂၀၀၉ထံမှ ရွှေနန်းသုခ ရွှေဆိုင်ကြီးမှ ၂၅-၉-၂၀၂၂ရက်တွင် ကံစမ်းမဲဖွင့်ပေါက်ခဲ့ပြီး ကံစမ်းဆုမဲပေါက်သည့် ကံထူးရှင်အနေဖြင့် လက်ခံရရှိထားပြီးလက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ယုမွန်ဦး ၁၂/မဂတ(နိုင်)၀၀၂၆၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများကအပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ် ပြုလုပ်သည့်တိုက်ခန်း(အိမ်ရာ) နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဇော်ဦး (LL.B) (စဉ်-၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗိုုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၈၅၅၃၅၅၃၅၄**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၁၅)၊ အကျယ်အဝန်း (၂၄ ဒသမ၆ ပေ x ၅၀ ပေ)ရှိ ဒေါ်စမ်းစမ်းအေး ၈/ခမန(နိုင်)၀၄၄၄၅၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်စမ်းစမ်းအေး ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူဖြစ်သော ဦးအောင်ကျော်ညွန့် ၈/ခမန(နိုင်)၀၄၄၇၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နှင်းယု (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၁၃၀)**
**အမှတ်(၉/၁၁)၊ အခန်း (၂၀၂ - E)၊ ပထမထပ်၊ (၃၆)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉ -၄၂၅၃၀၉၅၃၃**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊နည်းဥပဒေ -၂၀ )
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၃

ဒေါ်နန်းမြင့်မြင့်ထွေး **နှင့်** ဒုဗိုလ်မှူးကြီးမောင်ဝင်း
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော ကျေးရွာ၊အမှတ်(၃)ရပ်ကွက်နေ ဒုဗိုလ်မှူးကြီးမောင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းမြင့်မြင့်ထွေး က " ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်( ၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာသန်း)**
**မြို့နယ်တရားသူကြီး(တာဝန်)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၂)၊ မြေတိုင်း ရပ်ကွက်အမှတ် (၇)၊ ဗိုလ်ဗထူး (၈)လမ်း၊ မြေကွက်အမှတ် (၁၄၀) ဟုခေါ်တွင်သော ဒေါ်လှမြင့်အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အလျား ပေ၂၀x အနံ ပေ၆၀၊ ခြေရင်းခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်တင်လှိုင် ၁၂/စခန(နိုင်)၀၁၂၇၀၁မှ ၎င်းကသာလျှင် လက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဦး ၈/အလန(နိုင်)၁၈၆၆၆၆ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိပြီး (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလွင်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၇)**
**အမှတ် (၄၄၄/ခ)၊ စိတ္တသုခလမ်း၊ (၂/ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၄၃၁၃၁၄၈၇**

---

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/2787 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၄၇

| | | | |
|---|---|---|---|
| ဦးကျော်လွင် | **နှင့်** | ၁။ ဦးကျော်နိုင်ဦး | ၅။ ဦးမင်းမင်းစိုး |
| | | ၂။ ဒေါ်နွဲ့ကျင် | ၆။ ဒေါ်မေသူနိုင်(ခ) |
| | | ၃။ ဒေါ်တင်တင်စန်း | မသွယ်သွယ်အောင် |
| | | ၄။ ဒေါ်ချိုလွင်လွင် | ၇။ ဒေါ်ရွှေရည်နိုင် |
| | | | ၈။ ဒေါ်မြင့်မြင့်သန်း |
| **တရားလို** | | **တရားပြိုင်များ** | |

ဘော်ခေကျေးရွာ၊ မိုးဟောက် ကျေးရွာအုပ်စု၊ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်နေ ဒေါ်မြင့်မြင့်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ ၉:၃၀နာရီ တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေခိုင်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး( ၂ )**
**အောင်မြေသာစံခရိုင်တရားရုံး**

---

## ရန်ကုန်ဂေါက်သီးရိုက်အသင်း (တည်းကုန်း)
## အသင်းသားများသို့ အသိပေးနှိုးဆော်ခြင်း

ရန်ကုန်ဂေါက်သီးရိုက်အသင်း၏ သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများအရ လစဉ်ကြေး/နှစ်စဉ်ကြေးများကို (၃)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန်ပျက်ကွက်ပါက အဆိုပါအသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါ၍ မိမိတို့ပေးသွင်းရန် ကျန်ရှိနေသည့် လစဉ်ကြေး/နှစ်စဉ်ကြေးများကို (၃၁-၁၂-၂၀၂၅) ရက် မတိုင်မီ မပျက်မကွက်ပေးသွင်းကြပါရန် မေတ္တာရပ်ခံ အသိပေး နှိုးဆော်အပ်ပါသည်။

အောက်ဖော်ပြပါ Bank Accountများတွင်လည်း ငွေသွင်းနိုင်ပါသည်။

**CB Bank**

| **Call Deposit Account** | **Regular Saving Account** |
|---|---|
| Account Name – Yangon Golf Club | Account Name – Yangon Golf Club |
| Account Number–0086100900023612 | Account Number–0086600300005808 |

**AYA Bank**

| **New Business Call Deposit Account** | **Regular Saving Account** |
|---|---|
| Account Name – Yangon Golf Club | Account Name – Yangon Golf Club |
| Account Number – 40029801228 | Account Number – 20028886840 |

**ဖုန်း-၀၉-၈၈၂၅၆၁၅၀၀၊ ၈၈၂၅၆၁၅၀၁၊ ၀၉ ၄၄၀၃၅၂၄၂၉**
**ရန်ကုန်ဂေါက်သီးရိုက်အသင်း**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၆)လမ်း၊ လမ်းသွယ်၊ ကွင်းအမည်-သာယာကုန်းကွင်း၊ ကွင်းအမှတ်-(၉၈၈-က-၂)၊ ဦးပိုင်အမှတ်-၈၉အတွင်းမှအလျား(၂၈ပေ)xအနံ(၆၀ပေ) မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသူ ဦးမင်းသန်းလှိုင် ၁၄/ဖပန(နိုင်)၀၉၅၃၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သက်သက်ခိုင် ၇/ပခန(နိုင်)၂၆၄၇၁၅က အပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**၈ျ/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၁၄၄)နေ ဒေါ်ခင်မာ(ဘ)ဦးပေါ်ကြွယ် ၉/မနမ(နိုင်)၀၄၉၉၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်အနေဖြင့် ၂၁-၁၁-၂၀၂၂ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန္ဒာတောင်ကျေးရွာအုပ်စု၊ နန္ဒာရွာတွင် ဒေါ်မိုးစန္ဒာ (ဘ) ဦးအေး ၉/ပသက(နိုင်)၁၃၂၀၈၄မှ လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ရွာမြေပေ(၂၃x၆၀)အကျယ်ရှိ အရှေ့လားသော်-ဦးတင်ဝင်းမြေအစပ်၊ အနောက်လားသော် ရွာစည်းရိုး(လမ်း)၊ တောင်လားသော်- ဦးမောင်ဝင်းမြေအစပ်၊ မြောက်လားသော်- ဦးရေချမ်းမြေအစပ်ကို အသိသက်သေများရှေ့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အထက်ပါမြေပေါ်တွင် ကျွန်ုပ်အမှုသည်သိရှိခြင်းမရှိဘဲ နေထိုင်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်နေကြောင်း၊ ပြုလုပ်ရန်ရည်ရွယ်ကြံဆောင်နေကြောင်း ကြားသိနေရပါသဖြင့် ထိုကဲ့သို့မပြုလုပ်ပါရန်နှင့် ပြုလုပ်နေပါက ဆက်လက်လုပ်ဆောင်ခြင်းမပြုလုပ်ရန် ယခုကြေညာပါသည့်ရက်မှစ၍ အသိပေးကြေညာတားမြစ်လိုက်ပါသည်။

ထို့ကြောင့် ကျွန်ုပ်အမှုသည် သိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါ မြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် ကိစ္စရပ်များကို ရုံးဌာနအသီးသီးတွင် ပြုလုပ်ဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၆၅/၃၁-၈-၂၀၁၇)**
**အခန်းအမှတ်-(၂၉)၊ (၆၈)လမ်း၊ (၃၄)လမ်းနှင့် (၃၅)လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၅၄၄၅၆၆၄၆၊ ၀၉-၂၆၁၂၉၄၅၅၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/ 81244 New Zhineng 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၉/ပသက(နိုင်)၀၈၃၃၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4R/7879 TOYOTA RUSH F800LB S/W(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလီဖန်မိုး ၁၃/လကန(နိုင်)၀၂၂၆၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/6840 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၇၆၅၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1558 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးဉာဏ်လင်း ၏သမီး ဘုရားလဟာကျေးရွာအုပ်စု၊ မူလွန်အင်ကွင်း၊ မူလတန်းကျောင်းအုပ်ဆရာမ ဒေါ်သင်းသင်းဥ(ခ)ဒေါ်သင်းသင်းဦး ၇/ဖမန(နိုင်)၀၈၃၇၉၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းဥ(ခ)ဒေါ်သင်းသင်းဦး**

---

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7S/5219 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Agrodan Chemical Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးပစ္စည်းကို ပြည်တွင်း မူလဖြန့်ဖြူးသည့် Amazing seasons Co., Ltd မှ Shwe Taung International Trading Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည် ဖြစ်ပါသည်-

| စဉ် | မူလဖြန့်ဖြူးသူ အမည် | ကုန်သွယ်မှု အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ပြောင်းလဲလိုသည့် ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁။ | Amazing seasons Co.,Ltd | Special Killer | Abamectin 1.8% + Lambda-Cyhalothrin 1.8% w/v EC | Provisional | P2025 - 6590 | Shwe Taung International Trading Co., Ltd |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွက်ဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Shwe Taung International Trading Co., Ltd (လိပ်စာ-ရန်ကုန်-မန္တလေးလမ်း၊ ကျွဲဆည်ကန်ကားကြီးကွင်းအတွင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး၊ မြန်မာ။ ဖုန်း-၀၉-၄၀၃၇၂၃၈၅၄)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ တိုက်အမှတ်၁၂၊ (၄-လွှာ)(B)၊ ပေ( ၁၂ ၃/၄ ' x ၅၀' )အကျယ် အဝန်းရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်မျိုးအောင် ၁၂/ပဇတ(နိုင်)၀၀၄၃၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငုဝါစိုးကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်လိုပါကပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်အားပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်မျိုးထက် (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၉၁၀)**
**အမှတ်(၆၀)၊ပထမထပ် ၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၃၂၉၀၁**

## အမည်ပြောင်း

PEC (Private School Pathein) Year 6 မှ(ဘ)ဦးထင်ကျော်ဦး ၁၄/ပသန (နိုင်)၁၅၅၅၃၈ ၏ သမီးဖြစ်သူ မလင်းလက်ရွှေရည်အား မဝင်းရွှေရည်ဦး ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**ဦးထင်ကျော်ဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/8661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

ဒေါ်သွဲ့ဆုထွန်း (ဘ)ဦးထွန်းလှ ၉/ခအဇ(နိုင်)၀၁၉၀၃၁၊ အကွက်(၆၀၉)၊ ဟေမာဇလရပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့တွင်နေထိုင်သူပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၈၃/၇၅၉)၊ ဧရိယာ ၀ ဒသမ ၁၆၀ဧကအကျယ်ရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၂၁-၁၁-၂၀၂၅ရက်တွင် ဦးတင်ဇော်အောင် ၁၂/ဗတထ(နိုင်)၀၀၈၄၆၃၊ ရန်ကုန်မြို့နေသူအား နှစ်ဦးသဘောတူ ခြံ/မြေအပြီးအပိုင်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါ မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မိမိတို့ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများကိုင်ဆောင်၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငယ်ငယ်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၃၈)**
**ဆင်လမ်းကျေးရွာ၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၀၂၅၆၇၆၅၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/95145 Canda 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထွေး ၁၄/ဟသတ(နိုင်)၀၃၀၀၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၃)၊ ဆင်ခေါင်းလေးကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(N-၁၁၁/၁)၊ မြေဧရိယာ ၂ ဒသမ ၅ဧက အတွင်းမှ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်- မြေကွက် (A -7)နှင့် (A-8)၊ မြောက်လားသော်-ဦးအောင်၏ မြေကွက် စသည့်လားရာလေးရပ်အတွင်းရှိ အရှေ့၊ အနောက်(၈၀)ပေ၊ တောင်၊ မြောက် (၁၂၀)ပေ အကျယ်အဝန်းရှိ (A-9, 10, 11, 12)အဖြစ် သတ်မှတ်ထားသော မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးသူရထွန်း ၉/ပဥလ(နိုင်)၀၀၃၀၉၉ထံမှ ဦးဇော်ထွန်းအောင် ၁၂/အစန(နိုင်)၀၂၄၁၁၇သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်တော် ဦးဇော်ထွန်းအောင်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းအောင်**
**ဖုန်း-၀၉-၄၂၈၁၈၈၆၇၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/9887 TOYOTA HILUX REVO GUN T26L PICKUP DOUBLE CAB(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇော်ဦး ၉/မကန(နိုင်) ၁၂၈၁၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 17U/9546 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/8476 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၃)၊ မြေကွက်အမှတ် (၁/D)၊ ဂရန်မြေအမျိုးအစား ဧရိယာ ၁ ဒသမ ၈၇ ဧကအတွင်းမှ တစ်ဝက်တိတိဖြစ်သော မခွဲမစိတ်ရသေးသည့် ၀ ဒသမ ၉၃၅ဧကအား မူလအမည်ပေါက်ဖြစ်သူနှစ်ဦးထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ထားသူနှစ်ဦးမှ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ၁၀-၁၂-၂၀၂၅ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကလျာဝင်း**
**အထက်တန်းရှေ့နေ (စဉ်-၃၄၂၁၁)**
**အမှတ်-၂၇၇/က၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၇၇၇၉၉၆၃၊ ၀၉-၆၇၀၉၉၀၉၀၉၊**
**၀၉-၆၇၉၉၉၀၉၀၉၊ ၀၉-၇၈၂၇၈၂၇၂၈**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အကွက်အမှတ်(၁)၊ အသုတ်မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ ၀ ဒသမ ၀၉၆၆ဧကရှိ မြို့မြေကို အသုတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အရှေ့လမ်းမတော်နေ ဒေါ်လှိုင်ကလျာရွှေ (၁၄/ရကန(နိုင်)၀၁၀၉၄၂)မှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)ရပ်ကွက်၊ စိုက်မွေး(၂)လမ်း၊ မြေကွက်အမှတ်(၁၁၉၈)၊ မြေဧရိယာ(အလျား၄၁ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်၏ မြေအမည်ပေါက်ဖြစ်သူ ဦးအောင်ထွဋ်ဝေ ၁၂/ဒဂန(နိုင်)၀၁၈၁၈၃ ထံမှ လက်ဆင့်ကမ်းဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ဦး ၁၄/ပသန(နိုင်)၁၄၈၆၉၉မှ အထက်ပါမြေကွက်နှင့်ယင်းမြေပေါ်ရှိရေမီးပါ တစ်ထပ် RCတိုက်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာကျွန်တော်မှလည်း အပြီးအပိုင်ဝယ်ယူရန်သဘောတူညီကြသည့်အလျောက် ယင်းမြေကွက်အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်တော်မှ မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်မြင့်ဦး၁၄/ပသန(နိုင်)၁၄၈၆၉၉ထံသို့ ၂၄-၁၁-၂၀၂၅ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်ခြံမြေအရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန် တစ်စုံတစ်ရာမရှိပါက ယင်းမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကံရှိန် ၆/လလန(နိုင်)၀၄၀၃၁၀**
**အမှတ်(Pro-၂)၊ ၃-လွှာ၊ ယောဂီကျောင်းလမ်း၊**
**လှိုင်တက္ကသိုလ်အိမ်ရာဝင်း၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း- ၀၉ -၄၂၈၇၄၂၆၇၈၊ ၀၉ -၉၆၅၅၁၁၉၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၉၃၂ )၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးသိမ်းစိုး (ဘ)ဦးလှမော် ၁၂/ခစန(နိုင်)၀၀၃၅၈၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးသိမ်းစိုး မှ ဒေါ်ခင်လပြည့်အောင် (ဘ) ဦးနန်းတင် ၁၂/လကန(နိုင်)၁၈၆၉၅၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၄၈)၊ အခန်း (၁) ၏ အမည်ပေါက်ပိုင်ရှင် ဦးတင်ကြည် ၁၀/မလမ(နိုင်)၁၆၈၃၂၀ ထံမှ ဘီလ်ကစ်(ခ) ဒေါ်ခင်လှလှ ၁၂/ပဘတ(နိုင်)၀၁၆၉၀၆ က ၅-၁-၂၀၂၁ရက်တွင် ဝယ်ယူခဲ့ပါသည်။ ဘီလ်ကစ်(ခ) ဒေါ်ခင်လှလှထံမှ ဟာမက်(ခ) ဦးကျော်သက် ၁၂/ပဘတ(နိုင်)၁၃၃၈၁၄ က ၁၅-၈-၂၀၂၅ရက်တွင် ထပ်မံဝယ်ယူခဲ့ပြီး ၎င်း၏အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ဟာမက်(ခ)ဦးကျော်သက်၏ အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၉၈)၊ အခန်း (၄) ၏ ပိုင်ရှင် ဦးခင်မောင်စိုး ၇/ပခန(နိုင်)၁၆၇၀၂၀ သည် ၁၉-၁၀-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဥမ္မာဝင်း ၇/ပခန(နိုင်)၁၇၃၂၆၈က ၎င်းအမည်သို့ ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဥမ္မာဝင်း၏ အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်း ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၄၅)၊ အခန်း (၂) ၏ အမည်ပေါက်ပိုင်ရှင် ရှိုဟေဒါ (ခ) ဒေါ်အေးအေးသော် ၁၂/ပဘတ(နိုင်)၀၁၉၅၅၅ထံမှ ဝယ်ယူသူ ဦးကျော်သီဟ ၁၂/ပဘတ(နိုင်)၀၂၄၁၃၈ က ၎င်းအမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်သီဟ၏ အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကရင်ပြည်နယ်၊ တောင်ကလေးအဲနိုးစာမူဆု ပြိုင်ပွဲဝင် စာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ခုနှစ်၊ ဒုတိယအကြိမ် တောင်ကလေးအဲနိုးစာမူဆုအတွက် ပြိုင်ပွဲဝင်စာမူများကို အောက်ပါကဏ္ဍအလိုက် ရေးသားပေးပို့ ယှဉ်ပြိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝတ္ထုရှည်ဆု၊ (ခ) ဝတ္ထုတိုပေါင်းချုပ်ဆု၊ (ဂ) ကဗျာပေါင်းချုပ်ဆု၊ (ဃ) စာပဒေသာဆု၊ (င) လူငယ်စာပေဆု၊ (စ) ကလေးစာပေဆု၊ (ဆ) မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆု၊ (ဇ) ပြဇာတ်စာပေဆု၊ (ဈ) ကရင်တိုင်းရင်းသား (အရှေ့၊ အနောက်ပိုးကရင်/စကောကရင်) စာပေဆု

၂။ **ပြိုင်ပွဲဝင်အဆင့် သတ်မှတ်ခြင်း**

(က) အလွတ်တန်းအဆင့် (အမျိုးသားစာပေဆု ရရှိပြီးသူများ၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ စာပေပြိုင်ပွဲများတွင် ဆုရရှိပြီးသူများ)

(ခ) ဝါသနာရှင်အဆင့် (အထက်ပါစာပေဆုများ လုံးဝမရရှိဖူးသောသူများ)

၃။ ပြိုင်ပွဲဝင်စာမူများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ အောက်ပါရုံးဌာနများသို့ ပေးပို့ရမည်။

(က) တောင်ကလေးအဲနိုးစာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ရုံး၊ ရတနာသုခအိမ်ရာ၊ ရတနာပြည်ကျော်လမ်းသွယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

(ခ) လူထုအခြေပြုဗဟိုဌာန (Community Center) ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၄။ ပြိုင်ပွဲစည်းကမ်းချက်များနှင့် အသေးစိတ်သိလိုသည်များရှိပါက အောက်ပါတာဝန်ရှိသူ(ဖုန်းနံပါတ်)များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| အဖွဲ့ဥက္ကဋ္ဌ | - | ၀၉-၄၂၅၀၄၁၀၁၈ |
| အဖွဲ့ ဒု-ဥက္ကဋ္ဌ | - | ၀၉-၂၅၅၇၂၆၁၄၂ |
| အဖွဲ့အတွင်းရေးမှူး | - | ၀၉-၄၂၅၇၉၉၈၇၇ |

**တောင်ကလေးအဲနိုးစာမူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဘားအံမြို့၊ ကရင်ပြည်နယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၉၁၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကေ အကျယ်အဝန်းရှိ ခြံမြေကွက်အား ဗိုလ်မှူးမောင်ငွေအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော ခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဦးမောင်ငွေ(ဘ) ဦးအောင်စ ၁/မကန(နိုင်)၀၃၅၆၀၉ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မွန်မွန်ဇော်(ဘ)ဦးခင်ဇော် ၁၂/မဂတ(နိုင်)၀၈၃၈၆၆က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**(အမှတ်(၄၃၃)၊ ၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။)**
**ဖုန်း-၀၉ - ၄၂၈၁၂၃၉၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ် (၉၁၁/က)၊ ပေ(၃၀x၈၀)ရှိ ဒေါ်အေးသွင်အမည်ဖြင့် ချမှတ်ပေးထားသော ခြံမြေကွက်နှင့် မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၉၁၁/ခ)၊ ပေ(၃၀x၈၀)ရှိ ဒေါ်လှမြိုင်အမည်ဖြင့် ချမှတ်ပေးထားသော ခြံမြေကွက်၊ စုစုပေါင်းပေ(၆၀x၈၀)ရှိ ခြံမြေကွက်(၂)ကွက်နှင့် အဆိုပါ ခြံမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိပါသည် ဟု တာဝန်ယူအဆိုပြုသည့် ဦးမောင်ငွေ (ဘ) ဦးအောင်စ ၁/မကန(နိုင်)၀၃၅၆၀၉ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မွန်မွန်ဇော် (ဘ) ဦးခင်ဇော် ၁၂/မဂတ (နိုင်)၀၈၃၈၆၆ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့)**
**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်း၊ အမှတ်-၃၁၆ နေ ဦးသန်းထွန်း ၁၂/ဥကမ(နိုင်)၀၄၀၉၀၉၊ ဒေါ်ခင်ကြည်မြင့် ၁၂/ဥကမ(နိုင်)၀၄၃၈၅၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်းအသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ (၂)ဦး၏အမည်အသီးသီးဖြင့် တည်ရှိပိုင်ဆိုင်နေသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအိမ်ခြံမြေများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း မော်တော်ယာဉ်၊ ငွေကြေးစသည်များအား ယနေ့အချိန်ထိ သက်ရှိထင်ရှားရှိသော ကျွန်ုပ်မိတ်ဆွေများကသာ ထိန်းသိမ်းစီမံခန့်ခွဲလျက်ရှိပြီး အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ အကျိုးခံစားခွင့်ပေးအပ် ထားခြင်းတစ်စုံတစ်ရာ (လုံးဝ)မရှိပါကြောင်းနှင့် အဆိုပါပိုင်ဆိုင်မှုများအားလုံးသည် ကျွန်ုပ်မိတ်ဆွေတို့ဇနီးမောင်နှံ (၂)ဦးမှလွဲ၍ အခြားအကျိုးသက်ဆိုင်သူမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ (၂)ဦး ၏ စာဖြင့်ရေးသားသဘောတူခွင့်ပြုချက်မရှိဘဲ ပြုလုပ်မှု၊ ကျူးလွန်မှု၊ ကျူးကျော်မှုမှန်သမျှ ကန့်ကွက်ပါကြောင်း၊ ထိုသို့ပြုလုပ်ထားကြောင်းပေါ်ပေါက်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေများနှင့်သက်ဆိုင်ခြင်းမရှိ၊ ဖြေရှင်းရန် တာဝန်ယူနိုင်ခြင်းရှိမည်မဟုတ်ပါကြောင်း၊ ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာအေးတရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၆/၂၀၁၀)**
**အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉-လမ်း (အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၁၂၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဥဣက်ကန်ကျေးရွာအုပ်စု၊ ဥဣက်ကန်ကျေးရွာနေ မောင်နိုင်ထက်လင်း ၉/သစန(နိုင်)၂၁၆၃၅၃ ၏ဖခင် ဦးဇော်မိုးနှင့် ဦးမျိုးဇော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

Naypyitaw State Polytechnic University (NSPU)မှ မောင်ထက်မြတ်အောင် ၈/မသန(နိုင်)၁၈၁၁၂၂၏ဖခင် ဦးကောင်းမြတ်နှင့် ဦးစိုးလှဖုန်း ၁၄/သပန(နိုင်)၀၈၄၅၅၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပျဉ်းမနားမြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 အခန်း(D)မှ (ဘ) ဦးကျော်မင်းလွင်၏သမီး မခွန်းပြည့်ခအား ယနေ့မှစ၍ မအိမ့်ခြူးမွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ခြူးမွန်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအိုက်ခမ်းအင်၏သမီး ကျွန်မ မအီအွမ် ၁၃/မယတ(နိုင်)၀၃၂၀၀၀၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-030397) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၈၆၂၇၀၉၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန်းဝင်း ၁၀/ဘလန(နိုင်)၁၂၃၅၆၁ ၏ ပတ်စ်ပို့အမှတ် (MF-957821)၏ OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ရန် ။

**ဖုန်း-၀၉-၄၂၅၃၀၀၇၇၁၊ ၀၉-၆၉၉၈၈၅၉၁၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းမြင့်မြတ် ၁၄/ကခန(နိုင်)၀၉၇၂၅၃၏ပတ်စ်ပို့စာအုပ် အမှတ်(MH-165052)၏ OWICကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**ဖုန်း-၀၉-၈၈၃၄၀၉၄၈၇၊ ၀၉-၄၂၂၅၅၁၉၃၄**

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

(ဘ) ဦးဟိန်းမင်းစိုး၏သမီး ကျိုင်းတုံမြို့၊ အလက(ပန်ဟွန်း)ကျောင်း၊ Grade-3 မှ မပန်းအိဖြူ၏ အမည်မှန်မှာ မပန်းအိဖြူးဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၅-၂၀၁၆ ဖြစ်ပါကြောင်းနှင့် ၎င်း၏မိခင်အမည်မှန်မှာ ဒေါ်ချောရွှေ ဖြစ်ပါကြောင်း။

**မပန်းအိဖြူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8116 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ကုမ္ပဏီလိပ်စာပြောင်းကြော်ငြာခြင်း

**အေတီကေ** – ဇေရယ် ဆားဗစ် ကုမ္ပဏီ လီမိတက်

**ယခင်လိပ်စာ** – အမှတ် (၆၀/၆၄)၊ (၄)လွှာ၊ (၄၄)လမ်း၊ (၆) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ယခုလိပ်စာ** – အမှတ်(၈၈/၈၆)၊ (၄)လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ခင်အေးဝင်း ၁၂/သဃက(နိုင်)၀၉၇၅၉၈ (ဘ)ဦးစံမြင့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၄၉၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၀၄/၂၀၂၃(၁၃-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်နေခြည်ကျော်မင်း ၉/ခအဇ(နိုင်)၀၂၆၇၇၇ (ဘ)ဦးအောင်ကျော်မင်းမှ ဦးသောင်းရွှေ ၇/ဖမန(နိုင်)၀၁၆၇၁၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၇၉၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော်တိုး (ဘ) ဦးကြည်ဝါစိန် ၈/တတက(နိုင်)၀၉၆၁၆၀မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၂၆/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်သီဂီမြင့် (ဘ)ဦးသိန်းမြင့် ၇/ဖမန(နိုင်)၁၂၁၅၆၇နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀၄)၊ ၅-လွှာ (ခြေရင်းခန်း)၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၄)၊ အကျယ်အဝန်း (၁၂ပေခွဲ x၅၅ပေ)၊ (၅၂၈) စတုရန်းပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်တင်နီလာဇော် ၁၂/ကတတ(နိုင်)၀၀၁၉၁၆ ထံမှ ကျွန်မ မချောစုလှိုင် ၉/ကပတ(နိုင်)၂၀၃၆၄၅ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက် လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မချောစုလှိုင်**
**ဖုန်း-၀၉-၂၅၀၀၁၇၈၂၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ သံလွင်လမ်း၊မြေကွက်အမှတ်(၉၃၉)၊မြေအကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဦးရွှေ အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်အတွင်းမှ ပါမစ်မိတ္တူခေါင်းရင်းဘက်ခြမ်း (အလျား၁၀ပေx အနံ၆၀ပေ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အုံနှင့်အတူ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ထားဝယ်ယူပိုင်ဆိုင်ထားပြီး ဒေါ်သီတာအေး ၁၂/ဒဂမ(နိုင်)၀၀၀၈၉၂ မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်မိတ်ဆွေများဖြစ်သောဒေါ်သင်းသီရိ ၁၂/ဒဂတ(နိုင်)၀၈၃၉၁ နှင့် ဒေါ်သက်ထားရွှေဇင် ၁၂/ဒဂတ(နိုင်)၁၀၈၃၂၅ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွတ်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြတ်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၇၈)**
**အမှတ်၄၇၊ ဗိုလ်ဗထူး(၇)လမ်း၊ (၂)ရပ်ကွက်၊**
**လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၄၂၀၂၇၂၁၄၆**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးနွံ့မွန်း၏သမီး ကျွန်မ အီနန်းအွေ့ ၁၃/မယတ(နိုင်)၀၃၅၀၃၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၅၀၇၀၆၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၆၀၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)/ (လျှပ်စစ်) (၂၅) နေရာတို့အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) | A.G.T.I(MP/MC/MT) | အမျိုးသား (၇) ဦးနှင့် အမျိုးသမီး (၃ )ဦး |
| ( ခ) | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) | A.G.T.I(EP/ EC) | အမျိုးသား(၁၀)ဦးနှင့် အမျိုးသမီး (၅)ဦး |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ) ၁-၁၁-၂၀၂၅ ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

( ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal)ခြင်း ခံရသူများလျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေးငွေကျပ် (၅၀၀၀ိ/-) (ကျပ်ငါးထောင်တိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းအမှတ် (SEE-11457)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ Website www.moep.gov.mm တွင် ရယူပြီး ၂၆-၁၂-၂၀၂၅ ရက် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ အမြန်ချောပို့ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်ဖြစ်ပြီး မိတ္တူတင်ပြမှုများတွင် မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်ဖြစ်ပါသည်-

(က) စာမေးပွဲဝင်ကြေး ငွေပေးသွင်းသည့် ချလန်မူရင်း၊

( ခ) ဘွဲ့လက်မှတ်(မိတ္တူ)၊

( ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် (မိတ္တူ)၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

( င) လွန်ခဲ့သော (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံအပို (၂)ပုံ၊

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)နှင့် လွန်ခဲ့သော (၃)လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊

(ဆ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ခန့်ထားခြင်းခံရပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာန၊ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး ကြိုတင်မိတ္တူ(၁)စောင်ကို ၂၆-၁၂-၂၀၂၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၂၄-၁-၂၀၂၆ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး ၂၅-၁-၂၀၂၆ ရက်တွင် လူတွေ့စစ်ဆေးခြင်းကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူစာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် (၂၇)တွင် ၂၂-၁-၂၀၂၆ရက်၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု ချုပ်ဆိုရမည်ဖြစ်သည်။ စာချုပ်စည်းကမ်းဖောက်ဖျက်ပါက ငွေကျပ်(၁,၀၀၀,၀၀၀ိ/-) (ကျပ်တစ်သန်းတိတိ)ကို ပေးလျော်ရမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၉-၄၂၀၇၀၃၉၂၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/7347 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၆၂၉)၊ မြေရေိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးဝင်းရွှေ(ဘ)ဦးညီတင် ၁၀/မဒန(နိုင်)၀၁၆၅၀၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းရွှေ မှဒေါ်သဇင်သိန်း (ဘ)ဦးသိန်းဟန် ၁၂/ရကန(နိုင်)၀၇၉၃၇၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ် (ပ-၄၅၀၃)ကို အမည်ပေါက်ဒေါ်ခင်ခင်(ဘ)ဦးလှအောင် ၉/ပမန(နိုင်)၂၀၈၂၀၉ မှ ဒေါ်လှလှမော်(ဘ)ဦးချစ်မောင် ၉/တသန(နိုင်)၁၄၇၉၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၄၃၉)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးလင်းမောင်မောင် (ဘ) ဦးမောင်မောင် ၅/တမန(နိုင်)၀၃၅၅၁၀ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးထွန်းထွန်းဝင်း (ဘ) ဦးခင်မောင်မြင့် ၉/တကန(နိုင်)၁၀၅၆၆၆ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လှိုင်သောင်ကြီးမြောက်(၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၂၁၄/ခ) ဦးချစ်ဆိုင်(BW/၀၂၀၇၈၀)အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ ပေ(၂၀ x ၆၀) အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံသူ ဦးစိုးမြင့်အောင် ၁၁/တကန(နိုင်)၀၉၉၈၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးရဲသူရလွင် ၁၄/ပတန(နိုင်)၁၄၈၇၇၂၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နေလင်း (LL.B, D.B.L, D.I.R) အထက်တန်းရှေ့နေ (စဉ်-၃၉၆၃၇)**
**ရုံးခန်း-က/၇၂၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း- ၀၉-၄၂၅၂၇၉၂၀၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅စီဂျီ၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အေးလမ်း၊ အမှတ်(၅)နေ ဒေါ်ဝင်းကြည်(ဘ) ဦးဝင်း ၁၂/ဗဟန(နိုင်)၀၄၁၉၀၃၊ ဒေါ်ခင်ချိုဝင်း (ဘ) ဦးဝင်း ၁၂/ဗဟန(နိုင်)၀၄၂၈၇၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၃-၁၀-၂၀၂၄ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးတင်မောင်ဝင်း (ဘ)ဦးအေးမောင် ၁၂/လမတ(နိုင်)၀၁၅၉၅၄ အမှတ်(၁၄၅)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေသူအား အသိသက်သေ ဦးအုန်းလွင် (ဘ) ဦးထွန်းမြတ် ၂/ဒမဆ(နိုင်)၀၂၁၇၄၂ ၏ရှေ့တွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၃၉/၂၀၂၄ အား ယနေ့မှစ၍ တရားဝင်ဖျက်သိမ်းကြောင်း ဦးတင်မောင်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် ( LLB,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-၂၃၀)၊ ဧရိယာ ၀ ဒသမ ၂၂၉ဧကေ ရှိ ဒေါ်ရီရီမြိုင် (ဘ)ဦးသန်းကျော် ၁၄/မအပ(နိုင်)၂၂၆၇၉၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီးဒေါ်အင်ကြင်း ဦး(ဘ)ဦးမျိုးသန့် ၁၂/မဘန(နိုင်)၀၉၇၉၃၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈/ ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၁၄၇၉၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ကေသွယ်ဟန် (ဘ) ဦးဟန်ကြူ ၇/ပခန(နိုင်)၁၉၃၀၇၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ကေသွယ်ဟန်မှ ဒေါ်ခင်ဆန်းသစ်သစ် (ဘ) ဦးဝင်းကြည် ၁၂/အစန(နိုင်)၁၃၉၈၆၀နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၀၄၉)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကေ ရှိ ဒေါ်ဇင်မာဦး(ဘ)ဦးတင်စန်းဝင်း ၉/လဝန(နိုင်)၁၅၃၈၉၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးသန်းထွဋ် (ဘ)ဦးစောရွှေ ၁၃/တကန(နိုင်)၁၄၇၃၅၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ် (RA-VI/ကွက်ပြင်ရပ် )၊ ဦးပိုင်အမှတ်(၈ဃ/၁၂၃)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ ဂရန်အမှတ်တွဲအမှတ် (၀၄၉/၂၀၂၃-၂၄)အရ ဦးကျော်စိုးမိုး အမည်ပေါက် ဂရန်မြေအား ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄)**
**(အထက်တန်းရှေ့နေ)**
**(LLB, D.B.L, D.I.L, I.P.Law )**
**ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၀)၊ ပန်းခြံ(၅)၊ စံပယ်(၄)လမ်း၊အမှတ်-(၁၄၈၇/က)ဟုခေါ်တွင်သော အလျား၊ အနံပေ (၁၀x၆၀)ရှိ မြေကွက်(ခြေရင်းခြမ်း) နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင်၊ ၎င်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေးအေးသင်းပါ-၅ (၁၂/တတန(နိုင်)၁၃၆၂၅၆)မှ ဥပဒေနှင့်အညီ တရားဝင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းတို့မှသာ ရောင်းချခွင့်ရှိကြောင်းပြောဆိုကာ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမောင်အေး (၁၁/ကတန(နိုင်)၀၅၉၈၆၀)မှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ် တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား အပြည့်အစုံဖြင့်လာရောက် ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကအထက်ပါ အိမ်ခြံမြေ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးလှမောင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၅၃)**
**ဖုန်း -၀၉ -၄၂၀၂၉၉၀၀၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူး (လစာနှုန်းကျပ်၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၃၃) နေရာ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀၀) နေရာ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅၀) နေရာ |
| (ဃ) | စာရင်းကိုင်-၄ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅၀) နေရာ |
| (င) | အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၇) နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အငယ်တန်းအင်ဂျင်နီယာ-၃ရာထူးအတွက် (၃၁-၁၂-၂၀၂၅)ရက်တွင် အသက် (၃၂)နှစ်နှင့် ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အငယ်တန်းစာရေး၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်-၄နှင့် အငယ်တန်း အင်ဂျင်နီယာ-၄ ရာထူးများအတွက် (၃၁-၁၂-၂၀၂၅)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အငယ်တန်းအင်ဂျင်နီယာ-၃ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။

(င) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။

(စ) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆိုင်ရာ ဘွဲ့တစ်ခုခု (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ကွန်ပျူတာဆိုင်ရာဒီပလိုမာရရှိသူ ဖြစ်ရမည်။

(ဆ) စာရင်းကိုင်-၄ ရာထူးအတွက် စာရင်းအင်းဆိုင်ရာ ဘွဲ့တစ်ခုခု (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် စာရင်းအင်းဆိုင်ရာ ဒီပလိုမာရရှိသူ ဖြစ်ရမည်။

(ဇ) အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဘွဲ့/ဒီပလိုမာ တစ်ခုခုရရှိသူ ဖြစ်ရမည်။

(ဈ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ည) ဌာနတွင် အနည်းဆုံး(၃)နှစ် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဋ) ဒေသခံများအားဦးစားပေးစဉ်းစားမည်၊ ဝေးလံဒေသများအတွက် အသက်သတ်မှတ်ချက်အား လျှော့ပေါ့ စဉ်းစားမည်။

(ဌ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဍ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) သည့် ပြစ်ဒဏ်နှင့် ရာထူးမှထုတ်ပယ် (Removal) သည့်ပြစ်ဒဏ်ချမှတ်ခံထားရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝန်ထမ်းသစ်ဖြည့်တင်း ခန့်ထားမည့် ဒေသများအား သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website www.mcrd.gov.mm နှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး များတွင် ဖော်ပြကြော်ငြာထားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုး နှင့် ကိုးကွယ်သည့် ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာ အပြည့်အစုံ တို့ကို ဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း၊ (လွန်ခဲ့သော(၁)လအတွင်း)(ဝန်ထမ်း များအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) ကျန်းမာကြောင်းဆေးထောက်ခံစာ(လွန်ခဲ့သော (၁)ပတ်အတွင်း)၊

(စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော(၁)လခန့်အတွင်း)။

၆။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၃၆)(B)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်ကျေးလက်ရုံးများအတွက် သက်ဆိုင်ရာ ကျေးလက်ဦးစီးဌာနရုံးများသို့ (၃၁-၁၂-၂၀၂၅)ရက် နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ (၃၁-၁၂-၂၀၂၅)ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

(ကြိုတင်လျှောက်လွှာ(၁)စောင်ကိုရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။)

၈။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့်တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့် ရက်၊ နေရာနှင့်အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၁၈၆၀၉၊ ၀၆၇-၄၁၈၆၁၂ နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ပန်းယျု ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၃၁/ဝတ္တကံအနောက်)၊ ဦးပိုင်အမှတ် (၁၅၅/၂)၊ ဧရိယာ ၁ ဒသမ ၀၅ကေအကျယ်အဝန်းရှိ ယာမြေအမျိုးအစား မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် စိုက်ပျိုးထားသည့် သီးပင်၊ စားပင် များအပါအဝင် မြေကွက်၏သီးစားလုပ်ကိုင်ခွင့်၊ အခွင့်အရေးအရပ်ရပ် အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်နိုင်နိုင်ကျော် (ဘ) ဦးကျော်ဝင်း(ခ) ဦးမောင်မောင်ကျော် ၁၂/ပဇတ(နိုင်)၀၀၁၁၉၄ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေး စရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး (LL.B) (စဉ်-၁၅၆၅၄/၂၀၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**၆၈လမ်း၊ ၃၄x၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၈၉၆၃၂၆၂၈၊ ၀၉-၄၅၉၁၆၄၇၉၈**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလှဆောင်၏သား ဦးပဏ္ဍိတ ၉/အမရ(သ)၀၀၂၅၃၅ ၏ ပတ်စ်ပို့နံပါတ် (M-536362)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၀၀၂၅၅၀**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ပြည်လမ်းအနောက်ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၆၁/A)၊ ဦးစိုင်းအောင်မိုး ၁၂/လမတ(နိုင်) ၀၃၀၄၇၆၏သား မောင်စိုင်းဝေထွန်း @ SAI WAI TUN အား မောင်စိုင်းဟိန်းထွန်း @ SAI HEIN TUN ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ချက်တည်းကျင်းဝင်
### (ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက် မွန်းလွဲ (၂:၁၅)နာရီတွင် ရန်ကုန် ဂေါက်သီးရိုက်အသင်း (တညင်းကုန်း)၌ ဦးသူရသန့်ဇင် (ခ)ပိုင်သစ်သည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဦးအောင် မျိုးဝင်း၊ ဦးကျော်ဇင်၊ ဦးစိုးနိုင်ဝင်း၊ ဦးသီဟလှိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၅၆)ကိုက်အကွာမှ Titleist-1 ဘောလုံးအား Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၄၇)၊ အနိုပ်တော် ရပ်နေ (ဘ)ဦးအေး၊ (အမိ) ဒေါ်ကြည်၊ဒေါ်လှလှအေး၏သမီး ဒေါ်အေး ချမ်းသူသည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွား ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက် သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ် ပါကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်လှလှအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/71033 Traulergi B2 လက်တွန်း(တွဲပါ) ယာဉ် လက်ဝယ်ရှိသူ ဦးဇင်လင်းမိုး ၁၄/မမန(နိုင်)၃၅၇၃၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/20973 Nulang-110, M/C ယာဉ်လက်ဝယ် ရှိသူ ဦးသက်ရွှေ ၁၂/တမန(နိုင်) ၁၁၄၂၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/1055 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ဇော ၁၄/ကလန(နိုင်)၀၇၇၉၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/15009 Luojia 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာမြင့် ၉/တသန(နိုင်)၁၈၃၂၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1W/59104 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူမြင့် ၉/ပဥလ(နိုင်)၀၂၂၄၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/15401 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားလှိုင် ၉/စကတ(နိုင်) ၀၈၄၈၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/14734 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်နိုင် ၉/အမရ(နိုင်)၀၅၀၅၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/2184 BAJAJ200 3Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်သက် သက်ခိုင် ၉/အမရ(နိုင်)၁၃၁၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းစိန်
### အသက် (၉၀) နှစ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်၏ ကျေးဇူးရှင်မိခင်ကြီး ဖြစ်သူ ဒေါ်သန်းစိန် အသက် (၉၀) နှစ်သည် ၂၄-၁၁-၂၀၂၅ ရက် (တနင်္လာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**ဝန်ထမ်းမိသားစုများ**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းစိန်
### အသက်(၉၀)နှစ်

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒေါ်ဝင်းဝင်းမော်၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်သန်းစိန် အသက် (၉၀)နှစ်သည် ၂၄-၁၁-၂၀၂၅ရက် (တနင်္လာနေ့) ညနေ (၃:၁၅)နာရီ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းစိန်
### အသက်(၉၀)နှစ်

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒေါ်ဝင်းဝင်းမော်၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်သန်းစိန် အသက်(၉၀) နှစ်သည် ၂၄-၁၁-၂၀၂၅ရက် (တနင်္လာနေ့) ညနေ (၃:၁၅)နာရီအချိန် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေတိုက်ဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးရီခီရမ်း ၁/မကန (နိုင်)၀၇၉၇၉၅၏ ပတ်စ်ပို့နံပါတ် (M-913525)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၄၃၂၇၁၁**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက (၂)၊ Grade-11($A_1$) (Bio)တန်းမှ မစုစုမာနှင့် Grade-8(A)မှ မမေသကြိန်၏ ဖခင် ဦးကျော်စိုး (ခ)ကန်ကျန်လာလ် ၇/ဖမန(နိုင်) ၁၉၂၉၃၆သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အောင်မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ လူနေရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၅၄၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးမောင်မောင်ခင် (ZIN-၀၀၁၂၀၂) အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် (၅၄၃)မြေကွက်နှင့်ကပ်လျက်၊ လမ်းမှမျက်နှာမူလျှင်-ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်မှု ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုထက်ထက်ဝေ(၁၂/မဂတ(နိုင်)၀၃၈၀၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိန်ကိုလေး(၈/မသန(နိုင်)၁၅၂၇၁၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိန်ကိုလေး**
**(၈/မသန(နိုင်)၁၅၂၇၁၂)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)**
**အမှတ်-၇၇၊ဦးပုညလမ်းနှင့်**
**ဗိုလ်ကြီးညွှန့်လမ်းထောင့်၊(၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/2965 ယာဉ်လက်ဝယ်ရှိသူ Paing Zay Co,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/9497, Toyota Sprinter CE107, S/W (4 x 2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဒွေးရီ ၁၂/လမန(နိုင်)၀၁၃၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးစိုးလှိုင် (ပုသိမ်)
### အသက်(၈၇)နှစ်

(ဦးထွန်းရှိန်-ဒေါ်မြချစ်)တို့၏သားကြီး၊ (ဦးကေဂျီဘာတင်- ဒေါ်လှမြိုင်)တို့၏သားသမက်၊ (ဦးညွှန့်သန်း-ဒေါ်ကြည်ကြည်ဝင်း)တို့၏အစ်ကို၊ (ဒေါ်နွယ်နီမြိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းတင်(Uniteam Training Center )ဒေါ်ဝင့်ရည်လှိုင်၊ဒေါ်မီမီလှိုင်၊ ဒေါ်ကေသီလှိုင်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မဖူးသက်တင်၏ ချစ်လှစွာသော အဘိုး၊ ဦးအောင်အောင်ဖြိုး- ဒေါ်စုစုဦး၊ ဦး အောင်မြင်ဝင်း- ဒေါ်သစ်သစ်ထူး တို့နှင့် တူ၊ တူမ (၁၈)ယောက်တို့၏ဦးလေး ဦးစိုးလှိုင် (ပုသိမ်)သည် ၂၁-၁၁-၂၀၂၅ ရက် မွန်းလွဲ ၂:၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးအလှူအား ၂၇-၁၁-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၉နာရီအထိ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်(၆)လမ်း၊ မဟာသန္တိ သုခမ္မာရုံ၌ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2675၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၂၆၈၅၅, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလင်းအေး ၅/အတန(နိုင်) ၀၄၈၉၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/75816, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇင်ဦး ၅/မမန(နိုင်)၀၆၆၇၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ် (၄၁)၊ အကွက်အမည် - မြောက်ရွာအကွက်၊ ဦးပိုင်အမှတ်-၁၂၉၊ မြေရီယာ (၀.၀၅၂)ကေအနက်မှ မြေရီယာ(၀.၀၂၁)ကေရှိအောက်ဖော်ပြပါအလားအလာရှိသည့်-

- (က) အရှေ့လားသော် - ဦးပိုင်အမှတ် (၁၃၀)
- (ခ) အနောက်လားသော် - ပခုက္ကူကျောင်းလမ်း
- (ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၁၂၉)
- (ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသောမြေအမည်ပြောင်း)ပေးရန် ဦးအောင်သူပါ (၂) ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ(၂၁) ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂရန်အမှုတွဲအမှတ်(၁၁၁၃/၁၉၉၁)၊ အကွက်အမှတ်-၁၇၊ အကွက်အမည်-နောင်အင်အနောက်မြောက်၊ မြေကွက်အမှတ်-၃၀၊ ဧရိယာ-၀.၁၀၅ဧကရှိမြေကွက်ကို ဂရန်အမည်ပေါက်သူ ဦးစိုးတင့်ထံမှလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂရန်အမှုတွဲအမှတ်(၁၃၈၇/၁၉၉၁)၊ အကွက်အမှတ်-၁၇၊ အကွက်အမည်-နောင်အင်အနောက်မြောက်၊ မြေကွက်အမှတ်-၃၁၊ ဧရိယာ-၀.၁၁၂ ဧကရှိမြေကွက်ကို ဂရန်အမည်ပေါက်သူ ဦးထွဏ်းလွင်ဦး ထံမှလည်းကောင်း၊ ကျွန်မ ဒေါ်မြသန်းဦးက **“နှစ်ဦးသဘောတူ အိမ်/ခြံမြေကွက်အရောင်းအဝယ်စာချုပ်”** ချုပ်ဆိုလျက် ဝယ်ယူလက်ဝယ်ထားရှိခဲ့ပါသည်။ ယခုအချိန်တွင် ယင်းမြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မက အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်သည့်အတွက် ဦးစိုးတင့်နှင့် ဦးထွဏ်းလွင်ဦးတို့အနေနှင့် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ခြင်းကိစ္စကို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ဦးစိုးတင့်နှင့် ဦးထွဏ်းလွင်ဦးတို့အနေနှင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်ပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ အခြားသူများမှ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိလျှင်သော်လည်းကောင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်မြသန်းဦး**
**အမှတ်(၁၁၈)၊ နှင်းဆီလမ်း၊**
**ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့ ၊**

## ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းစိန်
### အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏစုပေါင်း(၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)၊ တိုက်အမှတ် (၁၂၂/၂)နေ (ဦးစိန်-ဒေါ်စိန်ခ)တို့၏ သမီးကြီး၊ (ဦးဘိုးကျန်-ဒေါ်အေးချမ်း)တို့၏သမီးချွေးမ၊ (ဦးသိန်းဖေ) ၏ဇနီး၊ ဒေါ်ဝင်းမြင့်(မကျော့)၊ ဒေါ်ဝင်းဝင်းမော် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ (ဦးအောင်မိုးမိုး)-ဒေါ်ခင်မာလာ တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မငြိမ်းဆုဟန်(မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)၏ဘွားဘွားဖြစ်သူ ဒေါ်သန်းစိန်သည် (၂၄-၁၁-၂၀၂၅) (တနင်္လာနေ့) မွန်းလွဲ (၃:၁၅)နာရီအချိန်တွင် အာယုအင်တာနေရှင်နယ်ဆေးရုံတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၂၆-၁၁-၂၀၂၅)(ဗုဒ္ဓဟူးနေ့) နံနက် (၁၁:၃၀)နာရီတွင် ရေဝေးသုသာန် ခန်းမ(၁) အအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် (၉:၃၀)နာရီအချိန်တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ (၃၀-၁၁-၂၀၂၅)ရက်နေ့(တနင်္ဂနွေနေ့) နံနက် (၇)နာရီမှ (၁၁)နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းထွန်း
### ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း) သစ်ထုတ်ရေး၊ မြန်မာ့သစ်လုပ်ငန်း
### အသက်(၈၂)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ န- ၄/(၂၈)၊ ၆၂A-၄၁A လမ်းနေ (ဦးသာဒင်-ဒေါ်စောရင်)တို့၏သား၊ ဒေါ်ယဉ်ယဉ်လှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ယဉ်မျိုးသန့်)၊ (ဦးစန်းလှထွန်း)၊ ဒေါ်ယဉ်ပြုံးသန်းတို့၏ ဖခင်ဦးသန်းထွန်း အသက်(၈၂)နှစ် ဒုအထွေထွေမန်နေဂျာ (ငြိမ်း)၊သစ်ထုတ်ရေးသည် ၂၄-၁၁-၂၀၂၅ရက် ည (၇:၃၀) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၆-၁၁-၂၀၂၅ရက် နံနက် ၁၀နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဒေါ်ဂွမ်ထန်ထုလွမ်၏ အမည်မှန်မှာ ဒေါ်ထုလွမ်(၁/ဗမန (နိုင်)၀၂၆၉၂၆) ဖြစ်ပါကြောင်း။

**ဒေါ်ထုလွမ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃)၊ မြေကွက် အမှတ် (76, 77, 78, 79, 78/418, 78/419, 78/420, 78/421, 80/464)၊ မြေဧရိယာ ၉ ဒသမ ၁၈ ဧကရှိ မြေအား စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၆၅)စက်မှုလယ်ယာစခန်း (ကိုယ်စား) ဦးဦးဘဝင်း (ဦးစီးအရာရှိ)(၁၁/မပန(နိုင်)၀၅၇၈၁၂) အမည်ဖြင့် ဌာနဆိုင်ရာ မြေလွဲမိန့်လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၅၉၅)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှား ဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဘီဂျေး ၅/တမန(နိုင်) ၀၄၃၃၀၆မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၊ အောင်နန်းရိပ်သာရပ်)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိမြေကွက်သည် မူလက ဒေါ်ကြည်စိန်အမည်ဖြင့် (၃၀.၆.၂၀၂၂)ရက်အထိ မြေငှားဂရန် သက်တမ်း ရရှိထားသော မြေကွက်ဖြစ်ပြီး (၈.၉.၂၀၂၅)ရက်စွဲပါ တရားရုံး၏ ဒီကရီအရ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၃၃၉/၂၀၂၅)ဖြင့် ဒေါ်ကြည်စိန်ထံမှဦးပိုင်(၂၆/ခ)၊ မြေဧရိယာ (၀.၀၅၅) ဧကအပိုင်းကို ဒေါ်ခေါန်နူးအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ခေါန်နူး (၁/မကန(နိုင်)၁၀၁၀၉၇) အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (ရလပ-၂၃)၊ မြေကွက်အမှတ် - (၁၁၇၁) (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၂၀ x ၆၀ )ပေရှိ [အရပ်အခေါ် အမှတ်(၁၁၇၁)(ခြေရင်းခြမ်း)၊ ငါးဆီပေါင်းလမ်း၊ ၂၃-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်] ဟု ခေါ်တွင်သော ဒေါ်ရွှေနှင်း (၁၂/တတန(နိုင်)၁၃၄၃၉၂) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်း ( ၉/ညဥန (နိုင်)၁၃၇၈၁၈ ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသက်နိုင် (၉/တသန (နိုင်) ၁၅၈၃၂၄) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ရွှေဇင်အိ (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် -၃၉၀/၄၊ စက်မှု (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂/ရဲတပ်ဖွဲ့)၊ ဦးပိုင်အမှတ်(၅က၊ ၆က)၊ ဧရိယာ(၀.၉၇၀)ဧကရှိမြေအား စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့မြေနေရာချထားရေးကော်မတီ၊ မုံရွာမြို့၏(၂၇-၈-၂၀၁၀)ရက်စွဲပါစာအမှတ်(၅/၄၃-၂၁၈(၆၉၉)/ဦး ၆ အရ ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အမည်ဖြင့် ချထားပေးသောမြေကွက်အား ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ (၂၅-၇-၂၀၂၅)ရက်စွဲပါ ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်အရ ဦးဝင်းမြင့် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကိုဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၂၁-၁၁-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၂၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသာကေတမြို့နယ်ဒေါ်ဝင်းဝင်းမော်၏ပိုင်ဆိုင်မြေပုံကူးတွင်ဧရိယာ(၂၀'×၆၀')အစား ဧရိယာ(၄၀'×၆၀')ဟုအမှန်ဖတ်ရှုပါရန်။

## သွေးသည် အသက်

❖ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လို...

❖ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေး ဆောင်ရွက်လျက်ရှိ...

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





KK Park နယ်မြေအတွင်းရှိ လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲရန် ပြင်ဆင်နေမှုကိုတွေ့ရစဉ်။

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံ ၂၃၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ကမ္ဘာတစ်ဝန်းလုံးမှ ကန့်ကွက်ရှုတ်ချလျက်ရှိသော အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

## တစ်ယောက်လျော့ အဲဗာတန်က နာမည်ကြီး မန်ယူကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) အဖြစ် အိုးထရက်ဖို့ဒ်ကွင်း၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် အဲဗာတန်အသင်းပွဲစဉ်တွင် အဲဗာတန်အသင်းက အကြိတ်အနယ်ကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။



အဲဗာတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒူးဘယ်ရီဟောလ် သွင်းယူစဉ်။

အဲဗာတန်အသင်း ကစားသမား ဂေရီ ပွဲကစားချိန် ၁၃ မိနစ်တွင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ အဲဗာတန်အသင်း ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်သည် မန်ယူအသင်း တိုက်စစ်မှူး ဂျိုရှူ အာဇီဇီး၏ ခေါင်းတိုက်ချက်အပါအဝင် ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ အဲဗာတန်က လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း အသင်းကစားသမားများ၏ စွမ်းဆောင်ရည်ကောင်း ပြသထားနိုင်မှုကြောင့် အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ○

ယနေ့ သတင်းအညွှန်း


မလေးရှားနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ဆိုရှယ်မီဒီယာ အသုံးပြုခွင့် ပိတ်ပင်မည် နိုင်ငံတကာသတင်း စာ ၁၄

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး ပြည်တွင်းသတင်း စာ ၁၆

ပါကီစတန်မိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ ပြည်တွင်းသတင်း စာ ၁၉